# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဆောက်လုပ်ရေးဝန်ကြီးဌာန

## (မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဆိုင်ရာ နည်းဥပဒေများ အမှတ် ၁/၂၀၁၄)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန သည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပုဒ်မ ၅၂၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤနည်းဥပဒေများကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နည်းဥပဒေများ ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံး သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့တွင် တည်ရှိရမည်။

၃။ ဤနည်းဥပဒေတွင် ပါရှိသောစကားရပ်များသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေတွင် ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အလုပ်သင်အင်ဂျင်နီယာလက်မှတ် (Apprentice Engineer Certificate)** ဆိုသည်မှာ ကောင်စီတွင် ဘွဲ့ရအင်ဂျင်နီယာအဖြစ် စာရင်းသွင်း၍ ကောင်စီကထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ခ) **အလုပ်သင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ် (Apprentice Graduate Technician Certificate)** ဆိုသည်မှာ ကောင်စီတွင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူအဖြစ် စာရင်းသွင်း၍ ကောင်စီကထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဂ) **အလုပ်သင်နည်းပညာကျွမ်းကျင်သူလက်မှတ် (Apprentice Technician Certificate )** ဆိုသည်မှာ ကောင်စီတွင် နည်းပညာကျွမ်းကျင်သူအဖြစ် စာရင်းသွင်း၍ ကောင်စီကထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဃ) **မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ (Registered Technician- R.Tech )** ဆိုသည်မှာ ပြည်တွင်းပြည်ပရှိ နည်းပညာတက္ကသိုလ် တစ်ခုခုကဖြစ်စေ ၊ နည်းပညာကောလိပ်၊သိပ္ပံ တစ်ခုခုကဖြစ်စေ နည်းပညာဒီပလိုမာရရှိသူသည် ဤဥပဒေအရကောင်စီတွင် အလုပ်သင်ကျွမ်းကျင်သူ (Apprentice Technician ) အဖြစ် စာရင်းသွင်းပြီး အလုပ်သင်ကာလ ပြည့်မြောက်ချိန်တွင် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိရန် ကောင်စီသို့ လျှောက်ထားကာ ကောင်စီ၏စစ်ဆေးမှုများ ခံယူ၍ အောင်မြင်ပါက ကောင်စီကထုတ်ပေးသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိသူအဖြစ် သတ်မှတ်ခြင်းခံရသူကို ဆိုသည်။

(င) **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ ( Registered Graduate Technician-R.G.Tech)** ဆိုသည်မှာ ပြည်တွင်းပြည်ပရှိ နည်းပညာတက္ကသိုလ် တစ်ခုခုကဖြစ်စေ ၊ နည်းပညာကောလိပ် တစ်ခုခုကဖြစ်စေ နည်းပညာဘွဲ့ရရှိသူသည် ဤဥပဒေအရ ကောင်စီတွင် အလုပ်သင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ (Apprentice Graduate Technician)အဖြစ် စာရင်းသွင်းပြီး အလုပ်သင်ကာလပြည့်မြောက်ချိန်တွင် မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိရန် ကောင်စီသို့ လျှောက်ထားကာ ကောင်စီ၏စစ်ဆေးမှုများ ခံယူ၍ အောင်မြင်ပါက ကောင်စီကထုတ်ပေးသော မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိသူအဖြစ် သတ်မှတ်ခြင်းခံရသူကို ဆိုသည်။

## အခန်း(၂)
## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဖွဲ့စည်းပုံ

### ကောင်စီ၏နာယကအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန သည် အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြင်ပမှ သင့်လျော်သော ဝါရင့်အင်ဂျင်နီယာများ စုစုပေါင်း (၇)ဦး ပါဝင်သော ကောင်စီ၏ နာယကအဖွဲ့ကို ဖွဲ့စည်းရမည် ။

### နာယကအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ နာယကအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ကောင်စီ၏လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် လမ်းညွှန်မှု ၊ အကြံပြုမှုများ ပြုလုပ်ခြင်း ၊

(ခ) ကောင်စီသည် ဥပဒေပါကိစ္စရပ်များနှင့်အညီ ဆောင်ရွက်မှု ရှိ/မရှိ ၊ ဆောင်ရွက်နိုင်မှု ရှိ/မရှိ စောင့်ကြည့်ထိန်းညှိမှုများ ဆောင်ရွက်ခြင်း ၊

(ဂ) ကောင်စီဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ကို ဤနည်းဥပဒေများနှင့်အညီ ဖွဲ့စည်းပေးခြင်း ၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့ကို ရွေးကောက်တင်မြှောက်ရာတွင် တရားသဖြင့် မဖြစ်ဟု ကောင်စီဝင်တစ်ဦးဦးကယူဆ၍ တိုင်ကြားလာလျှင် စုံစမ်းစစ်ဆေး စီရင်ဆုံးဖြတ်ခြင်း ၊

(င) ကောင်စီဝင်နေရာလစ်လပ်လျှင် အစားထိုးဖွဲ့စည်းခြင်း ၊

(စ) ကောင်စီတွင် မှတ်ပုံတင်ရာ၌ ရှိရမည့်အရည်အချင်းနှင့် စပ်လျဉ်း၍ အထူးကိစ္စများတွင် ခိုင်လုံသော အကြောင်းပြချက်ရှိပါက လျှော့ပေါ့ (ဖြေလျှော့) ပေးနိုင်ခြင်း ။

### မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဖွဲ့စည်းခြင်း

၆။ နာယကအဖွဲ့သည် ကောင်စီကို အောက်ဖော်ပြပါ အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန ၊ အစိုးရဌာန ၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရ

မဟုတ်သောအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ၊ သင့်လျော်သော ဝါရင့်အင်ဂျင်နီယာများ အနက်မှ (၆၀)ဦးထက်မပိုသော ကောင်စီဝင်များဖြင့် ဖွဲ့စည်းရမည် ။ ဤကဲ့သို့ဖွဲ့စည်းရာတွင် အင်ဂျင်နီယာအထူးပြု ပညာရပ်တစ်ခုလျှင် အနည်းဆုံးတစ်ဦး ပါဝင်စေရန်နှင့် အမျိုးသမီး အင်ဂျင်နီယာဦးရေ အနည်းဆုံး (၉)ဦး ပါဝင်စေရန်ဆောင်ရွက်ရမည် -

(က) **တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ကြီးဌာန၊အစိုးရအဖွဲ့အစည်းများမှဝါရင့်အင်ဂျင်နီယာများ** **၁၅ ဦး**

(၁) ပြည်ထောင်စုဝန်ကြီးဌာနများ

| | | |
|---|---|---|
| (ကက) | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၂ ဦး |
| (ခခ) | စက်မှုဝန်ကြီးဌာန | ၁ ဦး |
| (ဂဂ) | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ၁ ဦး |
| (ဃဃ) | ပို့ဆောင်ရေးဝန်ကြီးဌာန | ၁ ဦး |
| (ငင) | စွမ်းအင်ဝန်ကြီးဌာန | ၁ ဦး |
| (စစ) | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန | ၁ ဦး |
| (ဆဆ) | သတ္တုတွင်းဝန်ကြီးဌာန | ၁ ဦး |
| (ဇဇ) | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၁ ဦး |
| (ဈဈ) | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | ၁ ဦး |

(၂) အစိုးရအဖွဲ့အစည်းများမှ ဝါရင့်အင်ဂျင်နီယာများ ၅ ဦး

(ခ) **အင်ဂျင်နီယာနှင့် နည်းပညာ သင်ကြားရေးဆိုင်ရာဦးစီးဌာန၊ တက္ကသိုလ်၊ကောလိပ်နှင့်သိပ္ပံများမှ အင်ဂျင်နီယာပညာရှင်များ** **၁၅ ဦး**

(၁) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများ ၁၃ ဦး

(၂) တပ်မတော်နည်းပညာတက္ကသိုလ် စာပေညွှန်ကြားရေးမှူး ၁ ဦး

(၃) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ၁ ဦး

(ဂ) **အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ဝါရင့်အင်ဂျင်နီယာများ** **၁၅ ဦး**

(၁) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ၁၀ ဦး

(၂) ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ၂ ဦး

(၃) မြန်မာနိုင်ငံနည်းပညာရှင်များအဖွဲ့ ၂ ဦး

(၄) မြန်မာနိုင်ငံဗိသုကာအသင်း ၁ ဦး

(ဃ) **ပြင်ပမှ ထင်ပေါ်ကျော်ကြားသော ဝါရင့်အင်ဂျင်နီယာများ** **၁၅ ဦး**

**ကောင်စီ၏အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

၇။ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ကောင်စီ၏အလုပ်အမှုဆောင်အဖွဲ့ကို ကောင်စီဝင်(၆၀)ဦးအနက်မှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ အလုပ်အမှုဆောင်အဖွဲ့ဝင် (၈)ဦး စုစုပေါင်း (၁၅)ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) ကောင်စီ၏နာယကအဖွဲ့သည် ကောင်စီဝင်(၆၀)ဦးအနက်မှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ တစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူး တစ်ဦးကို ရွေးချယ်သတ်မှတ် တာဝန်ပေးရမည်။

(ဂ) ကောင်စီဝင်များသည် ဒုတိယဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက် အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်(၈)ဦးတို့ကို ကျန်ကောင်စီဝင် (၅၇)ဦးအနက်မှ ရွေးချယ် တင်မြှောက်ရမည်။

(ဃ) **ရွေးချယ်တင်မြှောက်ပုံနည်းစနစ်**

(၁) **ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ဖွဲ့ခြင်း။** ကောင်စီ၏ နာယကအဖွဲ့က ရွေးချယ်သတ်မှတ်တာဝန်ပေးခြင်းခံရသော ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌ နှင့် တွဲဖက်အတွင်းရေးမှူးတို့သည် ရွေးချယ်ပွဲကော်မရှင် ဖြစ်သည်။

(၂) **ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းခြင်း။** ကောင်စီဝင်များသည် မိမိတို့ကောင်စီဝင်များ အနက်မှ မိမိနှစ်သက်ရာ ကောင်စီဝင် တစ်ဦးဦးကို ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် ကော်မရှင်သို့ မိမိကိုယ်တိုင် လက်မှတ်ရေးထိုးထားသောစာဖြင့် ရေးသားတင်သွင်းနိုင်သည် ။ သို့မဟုတ် ကောင်စီဝင်များသည် မိမိကိုယ်တိုင် ဒုတိယဥက္ကဋ္ဌတာဝန် ထမ်းဆောင်လိုပါက ဒုတိယဥက္ကဋ္ဌလောင်း အဖြစ် ကော်မရှင်သို့ စာဖြင့် ရေးသားတင်သွင်းနိုင်သည် ။

(၃) **ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်း ထုတ်ပြန်ခြင်း။** ကော်မရှင် သည် အမည်စာရင်းတင်သွင်းလွှာများကို စိစစ်၍ ဒုတိယဥက္ကဋ္ဌ တစ်နေရာ အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ထုတ်ပြန်ကြေညာရမည် ။

(၄) **ဆန္ဒမဲပေးခြင်း။** ကော်မရှင်အဖွဲ့ဝင်(၃)ဦးမှအပ ကျန်ကောင်စီဝင်များသည် ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်းထဲမှ မိမိနှစ်သက်သူကို လျှို့ဝှက်မဲစနစ်ဖြင့် မဲပေးရမည် ။

(၅) **မဲရေတွက်ခြင်းနှင့် ဒုတိယဥက္ကဋ္ဌအမည်စာရင်း ကြေညာခြင်း။** ကော်မရှင်သည် လျှို့ဝှက်မဲစနစ်ဖြင့်ပေးထားသော မဲများကို ကောင်စီဝင်များ ရှေ့မှောက်တွင် ရေတွက်ပြီး မဲအများဆုံးရသော ကောင်စီဝင်အား ဒုတိယဥက္ကဋ္ဌအဖြစ် ကြေညာရမည် ။ အကယ်၍ ဒုတိယဥက္ကဋ္ဌလောင်း(၂)ဦး သို့မဟုတ် ထို့ထက်ပိုသော အရေအတွက်က တူညီသော မဲအရေအတွက်ရလျှင် အဆိုပါ (၂)ဦး သို့မဟုတ် ထို့ထက်ပိုသော ဒုတိယဥက္ကဋ္ဌလောင်းများကို နောက်တစ်ကြိမ် လျှို့ဝှက်မဲစနစ်ဖြင့် ပြန်လည်ရွေးချယ် တင်မြှောက်ရမည် ။

(၆) **အတွင်းရေးမှူးလောင်းအမည်စာရင်း တင်သွင်းခြင်း ၊ ဆန္ဒမဲပေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း။** အတွင်းရေးမှူး တစ်နေရာ ရွေးချယ်တင်မြှောက်ရန်အတွက် အထက်အပိုဒ်ခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅) မှ အတိုင်း ဆောင်ရွက်ရမည် ။

(၇) **တွဲဖက်အတွင်းရေးမှူးလောင်းအမည်စာရင်း တင်သွင်းခြင်း ၊ ဆန္ဒမဲပေးခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း။** တွဲဖက်အတွင်းရေးမှူး တစ်နေရာ ရွေးချယ်တင်မြှောက်ရန်အတွက် အထက်အပိုဒ်ခွဲငယ် (၂)၊(၃)၊ (၄)၊ (၅) မှအတိုင်း ဆောင်ရွက်ရမည် ။

(၈) **ဘဏ္ဍာရေးမှူးလောင်းအမည်စာရင်း တင်သွင်းခြင်း ၊ ဆန္ဒမဲပေးခြင်း နှင့် ထုတ်ပြန်ကြေညာခြင်း။** ဘဏ္ဍာရေးမှူး တစ်နေရာ ရွေးချယ်တင်မြှောက်ရန်အတွက် အထက်အပိုဒ်ခွဲငယ်(၂)၊ (၃)၊ (၄)၊ (၅) မှအတိုင်း ဆောင်ရွက်ရမည် ။

(၉) **အလုပ်အမှုဆောင်အဖွဲ့ဝင်(၈)ဦး အမည်စာရင်း တင်သွင်းခြင်း။** ကော်မရှင်(၃)ဦးနှင့် ရွေးချယ်တင်မြှောက်ပြီးသောကောင်စီဝင်(၄)ဦး တို့မှအပ ကျန်ကောင်စီဝင် (၅၃)ဦးသည် အလုပ်အမှုဆောင်အဖွဲ့ဝင် တာဝန် ထမ်းဆောင်လိုပါက ကော်မရှင်သို့ မိမိကိုယ်တိုင် လက်မှတ်ရေးထိုးထားသောစာဖြင့် ရေးသားတင်သွင်းနိုင်သည် ။

(၁၀) အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် လျှောက်ထားတင်သွင်းသူ သည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပသည့်အချိန်တွင် ပျက်ကွက်ခြင်း မရှိစေရ ။

(၁၁) **မဲရေတွက်ခြင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် (၈)ဦး အမည်စာရင်း ကြေညာခြင်း။** အလုပ်အမှုဆောင်အဖွဲ့ဝင် (၈)ဦး ရွေးချယ်တင်မြှောက်ရန်အတွက် အပိုဒ်ခွဲငယ် (၂)၊ (၃)၊ (၄)၊ (၅) မှအတိုင်း ဆောင်ရွက်ရမည် ။

(၁၂) **မဲဆွယ်ခြင်း၊ စည်းရုံးခြင်း မပြုရေး။** ကောင်စီဝင်များသည် အင်ဂျင်နီယာလောကမှ အများလေးစားကြည်ညိုသော ပညာရှင်များဖြစ်သည့် အားလျော်စွာ ရွေးချယ်တင်မြှောက်ပွဲတွင် သိက္ခာမဲ့သော မဲဆွယ်စည်းရုံးမှုများ မပြုလုပ်ရ ။

(၁၃) **တိုင်ကြားခွင့် ရှိခြင်း။** ကောင်စီဝင် တစ်ဦးဦးသည် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲနှင့်စပ်လျဉ်း၍ ကော်မရှင်၏ဆောင်ရွက်ချက်သည် တရားသဖြင့်ဆောင်ရွက်ခြင်း မဟုတ်ဟု ယူဆလျှင် ကောင်စီ၏ နာယကအဖွဲ့သို့ စာဖြင့် ရေးသားတိုင်ကြားနိုင်သည် ။

(၁၄) **နာယကအဖွဲ့၏ စီရင်ဆုံးဖြတ်ချက်**။ ကောင်စီ၏နာယကအဖွဲ့သည် တိုင်ကြားစာပါ အချက်အလက်များကို စုံစမ်းစစ်ဆေးစီရင်ဆုံးဖြတ်ပိုင်ခွင့် ရှိသည် ။

(၁၅) **အတည်ပြုခြင်း**။ ကော်မရှင်သည် ကောင်စီအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်းကို နာယကအဖွဲ့သို့တင်ပြ၍ အတည်ပြုချက် ရယူရမည် ။

## ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ကောင်စီဝင်များ ကတိသစ္စာပြုခြင်း

၈။ အလုပ်အမှုဆောင်အဖွဲ့နှင့် ကောင်စီဝင်များသည် နာယကအဖွဲ့ဝင် အနည်းဆုံး (၃)ဦး ရှေ့မှောက်တွင် အောက်ပါအတိုင်း ကတိသစ္စာပြုရမည် -

(က) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင် ကောင်စီဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသော ကျွန်တော်/ကျွန်မတို့သည် ဤဥပဒေအရ အပ်နှင်းထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်ဟု ကတိသစ္စာပြုပါသည်၊

(ခ) ကျွန်တော်/ကျွန်မတို့သည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ကောင်စီ၏တာဝန်နှင့် ဝတ္တရားများကို အတတ်နိုင်ဆုံး စေ့ငှသေချာစွာ သဘောရိုးဖြင့် ဆောင်ရွက်ရန် ကတိသစ္စာပြုပါသည်၊

(ဂ) ကျွန်တော်/ကျွန်မတို့သည် ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မိမိတို့၏ ကိုယ်ကျိုးစီးပွားရေးလုပ်ငန်းအတွက် ကောင်စီ၏အမည်နှင့် ကောင်စီဝင်တစ်ဦး၏ လုပ်ပိုင်ခွင့်များကို အလွဲသုံးစားမပြုလုပ်ရန် ကတိသစ္စာပြုပါသည်။

## တာဝန်ဝတ္တရားများ ဆက်ခံရယူခြင်း

၉။ ကောင်စီသည် အာဆီယံအပြန်အလှန်အသိအမှတ်ပြုမှုဆိုင်ရာအစီအမံ (ASEAN Mutual Recognition Arrangement-MRA) အရ ဖွဲ့စည်းထားသော ပညာရှင်များ ကြီးကြပ်ထိန်းသိမ်းမှုအာဏာပိုင်အဖွဲ့ ( Professional Regulatory Authority - PRA ) တာဝန်ဝတ္တရားများကို ဆက်ခံရယူရမည် -

(က) ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့သည် ပညာရှင်များ ကြီးကြပ်ထိန်းသိမ်းမှုအာဏာပိုင်အဖွဲ့ (PRA)၏ ကြီးကြပ်ထိန်းသိမ်းမှုကော်မတီ ( Monitoring Committee - MC ) တာဝန်ဝတ္တရားများကို ဆက်ခံရယူရမည့်အဖွဲ့ ဖွဲ့စည်းပေးရမည်၊

(ခ) ကောင်စီ၏ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့(Myanmar Board of Engineers - MBE)၏ တာဝန်ဝတ္တရားများကို ဆက်ခံရယူရမည်၊

(ဂ) ဤဥပဒေမပြဌာန်းမီက တည်ရှိခဲ့သော မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေး ဘုတ်အဖွဲ့ကထုတ်ပေးခဲ့ပြီးဖြစ်သည့် မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းကို ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်နှင့် သက်တမ်းအဖြစ် မှတ်ယူရမည်။

## အခန်း(၃)

## ကောင်စီဝင်များ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

### ဥက္ကဋ္ဌ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ဥက္ကဋ္ဌ၏ အရည်အချင်း ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်း ဖြစ်သည် -

(က) **ဥက္ကဋ္ဌ၏ အရည်အချင်း**

(၁) အသက် (၆၀)နှစ်နှင့်အထက်ရှိသော (P.E.)ရပြီးသူ မြန်မာနိုင်ငံသား ဝါရင့် အင်ဂျင်နီယာ ဖြစ်ရမည်၊

(၂) မိမိ၏ ပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃၅)နှစ်ရှိသူ ဖြစ်ရမည်၊

(၃) အင်ဂျင်နီယာပညာရှင် ကျင့်ဝတ် ၊ သိက္ခာ ၊ သမာဓိနှင့် ပြည့်စုံသူ ဖြစ်ရမည်၊

(၄) မြန်မာနိုင်ငံအင်ဂျင်နီယာပညာရပ် တိုးတက်ထွန်းကားရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခဲ့၍ မြန်မာနိုင်ငံအင်ဂျင်နီယာ လောက က ကြည်ညိုလေးစားသူ ဖြစ်ရမည်၊

(၅) တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိရိုသေသူ ဖြစ်ရမည်၊

(၆) ကောင်စီ၏ ရည်မှန်းချက်တာဝန်များ အောင်မြင်ပေါက်မြောက် အောင် အကောင်အထည်ဖော်ရာတွင် ဦးဆောင်နိုင်သူ ဖြစ်ရမည်၊

(၇) ဥပဒေကြောင်းအရ ပြစ်မှုထင်ရှားစီရင်ခြင်း မခံရသူ ဖြစ်ရမည်၊

(၈) မိမိ အသက်မွေးဝမ်းကျောင်းပညာရပ်နှင့် ပတ်သက်သော လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရှင် ကျင့်ဝတ် ၊ သိက္ခာ ပျက်ယွင်းမှု (Professional Misconduct)မရှိသူ ဖြစ်ရမည်၊

(၉) အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် ပယ်ဖျက် ၊ ရုပ်သိမ်းခြင်း မခံရသူ ဖြစ်ရမည်။

(ခ) **ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(၁) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ၊ နည်းဥပဒေတွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို အသုံးပြု၍ အင်ဂျင်နီယာကောင်စီ၏

ရည်ရွယ်ချက်များကို အောင်မြင်ပေါက်မြောက်အောင် ဆောင်ရွက်ရမည်၊

(၂) မှတ်ပုံတင်လက်မှတ်နှင့် မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်များကို လက်မှတ်ရေးထိုး၍ ထုတ်ပေးရမည်၊

(၃) ကောင်စီအစည်းအဝေးများနှင့် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများတွင် သဘာပတိအဖြစ် တာဝန်ယူ၍ အစည်းအဝေးများ တရားနည်းလမ်းတကျ ဖြစ်စေရန် ကြပ်မတ်ပေးရမည်၊

(၄) ဥက္ကဋ္ဌသည် ကောင်စီ၏ ရန်ပုံငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲရမည်၊

(၅) ဥက္ကဋ္ဌသည် ရန်ပုံငွေများကို ကောင်စီက သတ်မှတ်ထားသည့် ပဏာမအတိုင်း သုံးစွဲခွင့်ရှိသည်။

**ဒုတိယဥက္ကဋ္ဌ များ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၁။ ဒုတိယဥက္ကဋ္ဌများ၏ အရည်အချင်း ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်း ဖြစ်သည် -

(က) **ဒုတိယဥက္ကဋ္ဌ၏ အရည်အချင်းများ**

(၁) အကြောင်းအမျိုးမျိုးကြောင့် ဥက္ကဋ္ဌနေရာ လစ်လပ်ပါက ဥက္ကဋ္ဌ တာဝန်ယူနိုင်ရန် ဥက္ကဋ္ဌတွင်ရှိရမည့် အရည်အချင်းများပြည့်စုံရမည်၊

(၂) ဥက္ကဋ္ဌ က တာဝန်ပေးအပ်လျှင် ဥက္ကဋ္ဌ ကိုယ်စား တာဝန်ယူ ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

(ခ) **ဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(၁) ဥက္ကဋ္ဌ က တာဝန်ပေးအပ်လျှင် ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကိုယ်စား တာဝန်ယူဆောင်ရွက်ရမည်၊

(၂) ကောင်စီ၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌအား အကြံဉာဏ်ပေးခြင်း၊ အကူအညီပေးခြင်း ပြုရမည်။

**အတွင်းရေးမှူး၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၂။ အတွင်းရေးမှူး၏ အရည်အချင်း ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်းဖြစ်သည် -

(က) **အတွင်းရေးမှူး၏ အရည်အချင်းများ**

(၁) အသက် (၅၅)နှစ်နှင့်အထက်ရှိသော (P.E.)ရပြီးသူ မြန်မာနိုင်ငံသား ဝါရင့်အင်ဂျင်နီယာ ဖြစ်ရမည်၊

(၂) မိမိပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃၀)နှစ် ရှိသူ ဖြစ်ရမည်၊

(၃) အင်ဂျင်နီယာပညာရှင် ကျင့်ဝတ် ၊ သိက္ခာ ၊ သမာဓိနှင့်ပြည့်စုံသူ ဖြစ်ရမည်၊

(၄) မြန်မာနိုင်ငံအင်ဂျင်နီယာပညာရပ် တိုးတက်ထွန်းကားရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခဲ့၍ မြန်မာနိုင်ငံအင်ဂျင်နီယာ လောက က ကြည်ညိုလေးစားသူ ဖြစ်ရမည်၊

(၅) တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေသူ ဖြစ်ရမည်၊

(၆) ကောင်စီ၏ ရည်မှန်းချက် တာဝန်များ အောင်မြင်ပေါက်မြောက် အောင် အကောင်အထည်ဖော်ရာတွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို အဓိက ကူညီပံ့ပိုးနိုင်သူ ဖြစ်ရမည်၊

(၇) ဥပဒေကြောင်းအရ ပြစ်မှုထင်ရှား စီရင်ခြင်း မခံရသူ ဖြစ်ရမည်၊

(၈) မိမိအသက်မွေးဝမ်းကျောင်းပညာရပ်နှင့် ပတ်သက်သော လုပ်ငန်း များ ဆောင်ရွက်ရာတွင် ပညာရှင်ကျင့်ဝတ် ၊ သိက္ခာ ပျက်ယွင်းမှု (Professional Misconduct)မရှိသူ ဖြစ်ရမည်၊

(၉) အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် ပယ်ဖျက် ၊ ရုပ်သိမ်းခြင်း မခံရသူ ဖြစ်ရမည် ။

(ခ) **အတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(၁) ကောင်စီ၏ အတွင်းရေးမှူးသည် အလုပ်အမှုဆောင်ကော်မတီ၏ အစည်းအဝေးများ တရားနည်းလမ်းတကျဖြစ်ရေးအတွက် စီမံရမည်၊

(၂) လုပ်ငန်းကော်မတီအသီးသီးမှ တင်ပြချက်များကို အလုပ်အမှုဆောင် ကော်မတီတွင် အတည်ပြုချက် ရယူပေးရမည်၊

(၃) အတွင်းရေးမှူးသည် မှတ်ပုံတင်အရာရှိချုပ်နှင့် ရုံးအဖွဲ့များကို ကြီးကြပ်စီမံခန့်ခွဲရမည်၊

(၄) ကောင်စီ၏ အမိန့်နှင့် ညွှန်ကြားချက်များကို ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လက်မှတ်ရေးထိုး ထုတ်ပြန်ရမည်၊

(၅) အတွင်းရေးမှူးသည် ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ကောင်စီ၏ ရန်ပုံငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲရမည်၊

(၆) လုပ်ငန်းကော်မတီအသီးသီး၏ ရန်ပုံငွေလိုအပ်ချက်များကိုစုစည်း၍ ဘဏ္ဍာရေးမှူးနှင့်ညှိနှိုင်းပြီး ဥက္ကဋ္ဌထံ တင်ပြရမည်။

**တွဲဖက်အတွင်းရေးမှူးများ၏ အရည်အချင်းနှင့် လုပ်ပိုင်ခွင့်များ**

၁၃။ တွဲဖက်အတွင်းရေးမှူးများ၏ အရည်အချင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်း ဖြစ်သည်-

(က) **တွဲဖက်အတွင်းရေးမှူး၏ အရည်အချင်းများ**

(၁) အသက် (၅၀)နှစ်နှင့်အထက်ရှိသော (P.E.)ရပြီးသူ မြန်မာနိုင်ငံသား ဝါရင့်အင်ဂျင်နီယာ ဖြစ်ရမည်၊

(၂) မိမိပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂၅)နှစ် ရှိသူ ဖြစ်ရမည်၊

(၃) အင်ဂျင်နီယာပညာရှင် ကျင့်ဝတ် ၊ သိက္ခာ ၊ သမာဓိနှင့်ပြည့်စုံသူ ဖြစ်ရမည်၊

(၄) မြန်မာနိုင်ငံအင်ဂျင်နီယာပညာရပ် တိုးတက်ထွန်းကားရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခဲ့၍ မြန်မာနိုင်ငံအင်ဂျင်နီယာ လောက က ကြည်ညိုလေးစားသူ ဖြစ်ရမည်၊

(၅) တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေသူ ဖြစ်ရမည်၊

(၆) ဥပဒေကြောင်းအရ ပြစ်မှုထင်ရှားစီရင်ခြင်း မခံရသူ ဖြစ်ရမည်၊

(၇) မိမိအသက်မွေးဝမ်းကျောင်းပညာရပ်နှင့် ပတ်သက်သော လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရှင်ကျင့်ဝတ် ၊ သိက္ခာ ပျက်ယွင်းမှု (Professional Misconduct)မရှိသူ ဖြစ်ရမည်၊

(၈) အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် ပယ်ဖျက် ၊ ရုပ်သိမ်းခြင်း မခံရသူ ဖြစ်ရမည်။

(ခ) **တွဲဖက်အတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်း ၊ အကူအညီပေးခြင်း ပြုရမည် ။

**ဘဏ္ဍာရေးမှူး၏အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၄။ ဘဏ္ဍာရေးမှူး၏ အရည်အချင်း ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်းဖြစ်သည် -

(က) **ဘဏ္ဍာရေးမှူး၏အရည်အချင်းများ**

(၁) အသက် (၅၅)နှစ်နှင့်အထက်ရှိသော (P.E.)ရပြီးသူ မြန်မာနိုင်ငံသား ဝါရင့်အင်ဂျင်နီယာ ဖြစ်ရမည်၊

(၂) မိမိပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃၀)နှစ် ရှိသူ ဖြစ်ရမည်၊

(၃) အင်ဂျင်နီယာပညာရှင် ကျင့်ဝတ် ၊ သိက္ခာ ၊ သမာဓိနှင့်ပြည့်စုံသူ ဖြစ်ရမည်၊

(၄) မြန်မာနိုင်ငံအင်ဂျင်နီယာပညာရပ် တိုးတက်ထွန်းကားရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခဲ့၍ မြန်မာနိုင်ငံအင်ဂျင်နီယာ လောက က ကြည်ညိုလေးစားသူ ဖြစ်ရမည်၊

(၅) တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေသူ ဖြစ်ရမည်၊

(၆) ကောင်စီ၏ ဘဏ္ဍာရေးကိစ္စအဝဝကို တည်ဆဲဥပဒေ ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊

(၇) ဥပဒေကြောင်းအရ ပြစ်မှုထင်ရှားစီရင်ခြင်း မခံရသူ ဖြစ်ရမည်၊

(၈) မိမိအသက်မွေးဝမ်းကျောင်းပညာရပ်နှင့် ပတ်သက်သော လုပ်ငန်း များ ဆောင်ရွက်ရာတွင် ပညာရှင်ကျင့်ဝတ် ၊ သိက္ခာ ပျက်ယွင်းမှု (Professional Misconduct)မရှိသူ ဖြစ်ရမည်၊

(၉) အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် ပယ်ဖျက် ၊ ရုပ်သိမ်းခြင်း မခံရသူ ဖြစ်ရမည် ။

(ခ) **ဘဏ္ဍာရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(၁) အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးတိုင်းတွင် ဘဏ္ဍာငွေ ရရှိမှု ၊ သုံးစွဲမှု၊ လက်ကျန်ငွေနှင့် သုံးစွဲရန်လျာထားချက်များကို တင်ပြရမည်၊

(၂) ကောင်စီ၏ ဘဏ္ဍာရေးကိစ္စအဝဝကို တည်ဆဲဥပဒေ ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ တိကျမှန်ကန်စွာ ဆောင်ရွက်ရေးအတွက် ကြပ်မတ်ပေးရမည်၊

(၃) ဘဏ္ဍာရေးဆိုင်ရာ စာရင်းအင်းများ ၊ လယ်ဂျာများ တိကျမှန်ကန်စွာ ရေးသွင်းထိန်းသိမ်းမှုကို ကြီးကြပ်စိစစ်ရမည်၊

(၄) ရငွေများအား ဘဏ်သို့ အချိန်မီပေးသွင်းရေးနှင့် ဘဏ်ငွေသွင်း ငွေထုတ်လုပ်ငန်းများ စနစ်တကျရှိရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမည်။

**အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အရည်အချင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၅။ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အရည်အချင်း ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် အောက်ပါအတိုင်းဖြစ်သည် -

(က) **အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အရည်အချင်း၊**

အကြောင်းအမျိုးမျိုးကြောင့် တွဲဖက်အတွင်းရေးမှူးနေရာ လစ်လပ်ပါက တွဲဖက်အတွင်းရေးမှူးတာဝန် ယူနိုင်ရန် တွဲဖက်အတွင်းရေးမှူးတွင် ရှိရမည့် အရည်အချင်းများ ပြည့်စုံရမည်။

(ခ) **အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

အလုပ်အမှုဆောင်အဖွဲ့ဝင်တိုင်းသည် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းကော်မတီတစ်ရပ်တွင် အလုပ်အမှုဆောင်အဖွဲ့၏ ရွေးချယ်သဘောတူညီချက်ဖြင့် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရမည်။

**ကောင်စီဝင်များ၏ အရည်အချင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၆။ ကောင်စီဝင်များ၏ အရည်အချင်း ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **ကောင်စီဝင်များ၏ အရည်အချင်း**

(၁) အသက် (၄၅)နှစ်နှင့်အထက်ရှိသော (P.E.)ရပြီးသူ မြန်မာနိုင်ငံသား ဝါရင့်အင်ဂျင်နီယာ ဖြစ်ရမည်၊

(၂) မြန်မာနိုင်ငံဗိသုကာအသင်းမှ ကောင်စီဝင် ကိုယ်စားလှယ်သည် ဗိသုကာပညာရှင်အဆင့် ရရှိထားသူ ဖြစ်ရမည်၊

(၃) မိမိပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂၀)နှစ် ရှိသူ ဖြစ်ရမည်၊

(၄) အင်ဂျင်နီယာပညာရှင် ကျင့်ဝတ် ၊ သိက္ခာ ၊ သမာဓိနှင့်ပြည့်စုံသူ ဖြစ်ရမည်၊

(၅) မြန်မာနိုင်ငံအင်ဂျင်နီယာပညာရပ် တိုးတက်ထွန်းကားရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းအားထုတ်ခဲ့၍ မြန်မာနိုင်ငံအင်ဂျင်နီယာ လောက က ကြည်ညိုလေးစားသူ ဖြစ်ရမည်၊

(၆) တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေသူ ဖြစ်ရမည်၊

(၇) ဥပဒေကြောင်းအရ ပြစ်မှုထင်ရှားစီရင်ခြင်း မခံရသူ ဖြစ်ရမည်၊

(၈) မိမိအသက်မွေးဝမ်းကျောင်းပညာရပ်နှင့် ပတ်သက်သော လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရှင် ကျင့်ဝတ် ၊ သိက္ခာ ပျက်ယွင်းမှု (Professional Misconduct)မရှိသူ ဖြစ်ရမည်၊

(၉) အင်ဂျင်နီယာမှတ်ပုံတင်လက်မှတ် ပယ်ဖျက် ၊ ရုပ်သိမ်းခြင်း မခံရသူ ဖြစ်ရမည်။

(ခ) **ကောင်စီဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

ကောင်စီဝင်တိုင်းသည် အလုပ်အမှုဆောင်အဖွဲ့က ဖွဲ့စည်းသော လုပ်ငန်းကော်မတီတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော လုပ်ငန်းကော်မတီများတွင် အလုပ်အမှုဆောင်အဖွဲ့၏ ရွေးချယ်သဘောတူညီချက်ဖြင့် အဖွဲ့ဝင်တာဝန် ထမ်းဆောင်ရမည်။

**အစားထိုးရွေးချယ်သတ်မှတ်တာဝန်ပေးခြင်းနှင့်ရွေးကောက်တင်မြှောက်ခြင်း**

၁၇။ ကောင်စီ၏ နာယကအဖွဲ့က ရွေးချယ်သတ်မှတ်တာဝန်ပေးသော ဥက္ကဋ္ဌ တစ်နေရာ၊ ဒုတိယဥက္ကဋ္ဌ တစ်နေရာနှင့် တွဲဖက်အတွင်းရေးမှူးတစ်နေရာ အနက်တစ်နေရာရာ လစ်လပ်ပါက နာယကအဖွဲ့က နည်းဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့်အညီ ကောင်စီဝင်များထဲမှ သင့်တော်သူကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ၊ တွဲဖက်အတွင်းရေးမှူးအဖြစ် လည်းကောင်း ၊ ရွေးချယ်သတ်မှတ် တာဝန်ပေးရမည်။

၁၈။ အလုပ်အမှုဆောင်အဖွဲ့၏ ကျန် ဒုတိယဥက္ကဋ္ဌ တစ်နေရာ၊ အတွင်းရေးမှူးတစ်နေရာ၊ တွဲဖက်အတွင်းရေးမှူး တစ်နေရာ၊ ဘဏ္ဍာရေးမှူး တစ်နေရာနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်(၈)နေရာအနက်မှ တစ်နေရာရာ လစ်လပ်ပါက ရွေးကောက်ပွဲကော်မရှင်သည် နည်းဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ဃ)နှင့်အညီ ကောင်စီဝင်များက မိမိတို့အနက်မှ ရွေးကောက်တင်မြှောက်နိုင်အောင် ကြီးကြပ်ပေးရမည်။

# အခန်း(၄)

# ကောင်စီ၏ လုပ်ပိုင်ခွင့်များ

## လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

၁၉။ ကောင်စီသည် မိမိ၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အောက်ပါ လုပ်ငန်းကော်မတီများ ဖွဲ့စည်းရန် အလုပ်အမှုဆောင်အဖွဲ့အား တာဝန်ပေးအပ်ရမည် -

(က) မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ၊

( ခ) အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး(Accreditation) လုပ်ငန်းကော်မတီ၊

( ဂ) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(ဃ) စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

( င) စံချိန်စံညွှန်းများ ၊ လုပ်ငန်းအခြေခံ စံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများပြုစုရေး လုပ်ငန်းကော်မတီ၊

( စ) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ်သင်ကြားရေး လုပ်ငန်းကော်မတီ၊

(ဆ) အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကုမ္ပဏီများ ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊

(ဇ) အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းကော်မတီ၊
(International and Public Relations Working Committee)။

၂၀။ **မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ**။ အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးအား ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ (၁၅)ဦးထက် မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များ အဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည် -

(က) **လုပ်ငန်းကော်မတီ၏တာဝန်များ**

(၁) လုပ်ငန်းကော်မတီသည်အောက်ပါမှတ်ပုံတင်လက်မှတ်များကို အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပေးနိုင်သည် -

(ကက) အလုပ်သင်နည်းပညာကျွမ်းကျင်သူလက်မှတ်
(Apprentice Technician Certificate)၊

(ခခ) အလုပ်သင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် (Apprentice Graduate Technician Certificate)၊

(ဂဂ) အလုပ်သင်အင်ဂျင်နီယာလက်မှတ်

(Apprentice Engineer Certificate)၊

(ဃဃ) မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်

(Registered Technician Certificate)၊

(ငင) မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ်

(Registered Graduate Technician Certificate)၊

(စစ) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်

(Registered Engineer Certificate)၊

(ဆဆ) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်

(Registered Senior Engineer Certificate)၊

(ဇဇ) မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်

(Registered Professional Engineer Certificate)၊

(ဈဈ) မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်

(Registered Limited Engineer Certificate)၊

(ညည) မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင် လက်မှတ်

(Registered Limited Professional Engineer Certificate)။

(၂) လုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးအတွက် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည် -

(ကက) ဖွံ့ဖြိုးရေးအစီအမံ (Development Program)သင်တန်းအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခခ) ဆန်းစစ်ချက် ရေးဖြေစာမေးပွဲ (Assessment Written Examination)ကျင်းပစစ်ဆေးခြင်း၊

(ဂဂ) အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှု အစီရင်ခံစာ (Experiences and Competency Report)များ စိစစ်ခြင်း၊

(ဃဃ) လူတွေ့စစ်ဆေးမှု (Interview)ပြုလုပ်ခြင်း။

(၃) မှတ်ပုံတင်လက်မှတ် လျှောက်ထားသူသည် သတ်မှတ်ထားသော အရည်အသွေးမပြည့်မီဟု လည်းကောင်း ၊ လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ဟု လည်းကောင်း ၊ လုပ်ငန်းကော်မတီက ယူဆရန် အကြောင်းခိုင်လုံလျှင် အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆိုင်းငံ့ခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။

(၄) လုပ်ငန်းကော်မတီသည် အလုပ်အမှုဆောင်အဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါအကြောင်းအချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ကိုင်ဆောင်သူတစ်ဦး၏ အမည်နှင့် ကိုယ်ရေးအချက်အလက်များအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်သည်။

(ကက) မှတ်ပုံတင်လက်မှတ်ရရှိရေးအတွက် ဘွဲ့ ၊ ဒီပလိုမာ လက်မှတ်အတုများ တင်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရခြင်း၊

(ခခ) ကောင်စီက ထိုသူအား ဆက်သွယ်၍မရခြင်း၊

(ဂဂ) မိမိ၏ မှတ်ပုံတင်လက်မှတ်ကို တစ်ဆက်တစ်စပ်တည်း (၅)နှစ်နှင့်အထက် အသစ်ပြန်လည် မပြုလုပ်ခြင်း။

(၅) လုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခံရသူက မှတ်ပုံတင်ပယ်ဖျက်ခံရပြီးနောက် (၃)နှစ်နှင့်အထက် ကျော်လွန်သော ကာလတွင် မှတ်ပုံတင်အသစ် ပြန်လည်လျှောက်ထားလာပါက ကောင်စီက ခွင့်ပြုလျှင် မှတ်ပုံတင်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို အစမှ ပြန်လည်စတင်ဆောင်ရွက်ရေး ခွင့်ပြုပေးနိုင်သည်။

(၆) လုပ်ငန်းကော်မတီသည် အခြေအနေ အချိန်ကာလ အားလျော်စွာ လိုအပ်သော စည်းမျဉ်းစည်းကမ်း ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်စီသို့ တင်ပြနိုင်သည်။

(ခ) **လုပ်ထုံးလုပ်နည်းများ**

လုပ်ငန်းကော်မတီ၏ လုပ်ထုံးလုပ်နည်းများသည် ဤနည်းဥပဒေ အခန်း(၈) မှတ်ပုံတင်ခြင်းအခန်းတွင် အသေးစိတ် ဖော်ပြပါရှိသည့်အတိုင်း ဖြစ်သည် ။

၂၁။ **အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာအရည်အသွေးစိစစ်အသိအမှတ်ပြုရေး (Accreditation) လုပ်ငန်းကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့သည် ဤလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးအား ဥက္ကဋ္ဌ အဖြစ် လည်းကောင်း ၊ (၁၅)ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည် -

(က) **လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) ကောင်စီကအသိအမှတ်ပြုသော အင်ဂျင်နီယာဘွဲ့ ၊ နည်းပညာဘွဲ့နှင့် နည်းပညာဒီပလိုမာများကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း ၊

(၂) ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့ ၊ ဒီပလိုမာ ရသူများ လျှောက်ထားရန် လိုအပ်သော လုပ်ငန်းဆိုင်ရာ အရည်အချင်းများကို သတ်မှတ်ခြင်း ။

(ခ) **လုပ်ထုံးလုပ်နည်းများ**

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အင်ဂျင်နီယာအထူးပြုပညာရပ် ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး (Accreditation Committee)၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ (Policy and Procedure Manual) ရေးဆွဲပြဋ္ဌာန်းရမည် -

(၁) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ (Accreditation)ဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်း (Policy and Procedures)များအား ချမှတ်အကောင်အထည်ဖော်ရန်၊

(၂) ပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ် အသိအမှတ်ပြုရေး လက်စွဲ (Accreditation Manual)ပြုစုရေးဆွဲခြင်းနှင့် စိစစ်ရေးအစီအစဉ် (Accreditation Process)များကို အသေးစိတ်ရေးဆွဲရန်၊

(၃) Accreditation အစီအစဉ်နှင့် အတည်ပြုချက်ရယူရေး လုပ်ဆောင်ရန်အတွက်ဖြစ်ပေါ်လာသော ကုန်ကျစရိတ်များအားလုံးကို သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ အဖွဲ့အစည်းများကို တောင်းခံနိုင်ရန်အတွက် (Accreditation Fees)သတ်မှတ်ချက် ထုတ်ပြန်

ပေးရန်၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ လုပ်ငန်းများအား အသိအမှတ်ပြုရေးအတွက် အကဲဖြတ်အဖွဲ့များ (Evaluation Team) ဖွဲ့စည်း တာဝန်ပေးအပ်ရန်၊

(၄) အကဲဖြတ်အဖွဲ့များ၏ အကဲဖြတ်မှုမှတ်တမ်းနှင့် အစီရင်ခံစာများကို လက်ခံရရှိပြီး တွေ့ရှိချက်များ ၊ စစ်ဆေးသုံးသပ်ချက်များကို အခြေခံ၍ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ လုပ်ငန်းနှင့် အစီအစဉ်အား အသိအမှတ်ပြုနိုင်ရေးအတွက် ဆုံးဖြတ်ရန်နှင့် အကယ်၍လိုအပ်ချက်များ ရှိပါကလည်းဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အကြောင်းကြား ပေးရန်နှင့် အသိအမှတ်ပြုကာလအား သတ်မှတ်ပေးရန်၊

(၅) အင်ဂျင်နီယာပညာရပ်ဆိုင်ရာ လုပ်ငန်းအစီအစဉ်များအပေါ် အသိအမှတ်ပြုရေးကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းမှု မရှိခြင်း ၊ ဆောင်ရွက်ချက်အပေါ် ကျေနပ်မှုမရှိခြင်းနှင့်ပတ်သက်၍ တင်ပြချက်များရှိပါက လက်ခံရရှိပြီး ဖြေရှင်းပေးရန်၊

(၆) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအား ကိုယ်စားပြု၍ အခြားနိုင်ငံများနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သဘောတူညီချက်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန်၊

(၇) အင်ဂျင်နီယာပညာရပ်ဆိုင်ရာနှင့် ပတ်သက်၍ အရည်အသွေး မြှင့်တင်နိုင်ရေးအတွက် လိုအပ်သော လုပ်ဆောင်သင့်သည့် လုပ်ငန်းများကို ကောင်စီသို့ လေ့လာတင်ပြရန်၊

(၈) မှတ်ပုံတင်စိစစ်ရေး လုပ်ငန်းကော်မတီမှ ပေးပို့လာမည့် နိုင်ငံခြားသားအင်ဂျင်နီယာများအတွက် ၎င်းတို့တက်ရောက်ခဲ့သည့် တက္ကသိုလ်၊ ကောလိပ်များ၏ အဆင့်အတန်းနှင့်အရည်အသွေးအား စိစစ်ပြန်ကြားပေးရန်၊

(၉) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသို့ ကော်မတီ၏ လုပ်ဆောင်ချက်များကို အခါအားလျော်စွာ တင်ပြသွားရန်၊

(၁၀) လုပ်ငန်းကော်မတီသည် အခြေအနေအချိန်ကာလ အားလျော်စွာ လိုအပ်သော စည်းမျဉ်းစည်းကမ်း ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်စီသို့ တင်ပြနိုင်သည်။

၂၂။ **ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့သည် ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးအား ဥက္ကဋ္ဌအဖြစ် လည်းကောင်း ၊ (၁၅)ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည် -

(က) **လုပ်ငန်းကော်မတီ၏တာဝန်များ**

(၁) အင်ဂျင်နီယာ ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများဖြစ်သည့် အင်ဂျင်နီယာများ၏ ခံယူချက် ၊ အင်ဂျင်နီယာများ၏ ကတိခံဝန်ချက်များ ၊ အင်ဂျင်နီယာများလိုက်နာကျင့်သုံးရမည့် ကျင့်ထုံးစည်းမျဉ်းများ ၊ အင်ဂျင်နီယာများ၏ အတတ်ပညာဆိုင်ရာ တာဝန်နှင့် ဝတ္တရားများကို သတ်မှတ်ရန်၊

(၂) ကျင့်ဝတ်သိက္ခာ စောင့်ထိန်းရေးအသိစိတ်ဓာတ် အင်ဂျင်နီယာများအတွင်း ပြန့်ပွားရေးကို ဆောင်ရွက်ရန်၊

(၃) မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ ၊ အင်ဂျင်နီယာပညာစဉ်ဆက်မပြတ်သင်ကြားရေး လုပ်ငန်းကော်မတီတို့နှင့် ညှိနှိုင်း၍ ကျင့်ဝတ်သိက္ခာများကို အင်ဂျင်နီယာများအနေဖြင့် ကျွမ်းဝင်ထိတွေ့လိုက်နာမှု ရှိမရှိ စစ်ဆေးကြပ်မတ်ရန်၊

(၄) စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီနှင့်ညှိနှိုင်း၍ ကျင့်ဝတ်သိက္ခာ ဖေါက်ဖျက်ကျူးလွန်သော အင်ဂျင်နီယာများကို အရေးယူဆောင်ရွက်ရန်။

(ခ) **လုပ်ထုံးလုပ်နည်းများ**

(၁) လုပ်ငန်းကော်မတီက ရေးဆွဲထားသော ကျင့်ဝတ်သိက္ခာများကို ကောင်စီ၏ အတည်ပြုချက်ရယူရန်၊

(၂) ကျင့်ဝတ်သိက္ခာများကို စောင့်ထိန်းရေးအတွက် အင်ဂျင်နီယာများအတွင်း ကျယ်ပြန့်စွာသိရှိလိုက်နာနိုင်ရန် လက်ကမ်းစာစောင်များ ၊ ဟောပြောပို့ချပွဲများ ၊ သင်တန်းများ ၊ E-mail များ ၊ Website များ စသည်ဖြင့် နည်းမျိုးစုံဖြင့် ဆောင်ရွက်ရန်၊

(၃) မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ ၊ အင်ဂျင်နီယာပညာစဉ်ဆက်မပြတ်သင်ကြားရေး လုပ်ငန်းကော်မတီတို့နှင့် ညှိနှိုင်း

၍ ကျင့်ဝတ်သိက္ခာများကို လူတွေ့စစ်ဆေးခြင်းနှင့် ရေးဖြေစစ်ဆေးခြင်းများတွင် ဘာသာရပ်တစ်ခုအဖြစ် သတ်မှတ် ဆောင်ရွက်ရန်၊

(ဠ) ကျင့်ဝတ်သိက္ခာများကို ဖေါက်ဖျက်ကျူးလွန်သည်ဟု ကျော်ဇောသတင်း ထွက်ရှိလျှင် အဆိုပါအင်ဂျင်နီယာအား စုံစမ်းစစ်ဆေးမေးမြန်းရန်အတွက် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့်ညှိနှိုင်း၍ အောက်ပါအတိုင်းအရေးယူဆောင်ရွက်ရန် -

(ကက) အဆိုပါ အင်ဂျင်နီယာအား စုံစမ်းစစ်ဆေးမေးမြန်းရန်အတွက် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီနှင့် ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီဝင်များ ပါဝင်သော အဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခခ) အဆိုပါအင်ဂျင်နီယာသည် ကျင့်ဝတ် သိက္ခာများတွင် ပါဝင်သည့် မည်သည့်အချက်(များ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သုံးသပ်ရမည်၊

(ဂဂ) အဖွဲ့သည် အဆိုပါအင်ဂျင်နီယာထံသို့ မည်သည့်ကျင့်ဝတ်သိက္ခာ(များ)ကို ဖောက်ဖျက်ကျူးလွန်ကြောင်း အဖွဲ့၏ သုံးသပ်ချက်များကိုဖော်ပြရေးသားပြီး မှန်/မမှန် ပြန်လည်တင်ပြရန် ရက်သတ်မှတ်၍ ပေးပို့ရမည်၊

(ဃဃ) အဖွဲ့သည် အဆိုပါအင်ဂျင်နီယာထံသို့ စာဖြင့် ရေးသားမေးမြန်းနေစဉ် အမှုနှင့်ပတ်သက်သော အခြားသက်သေခံများ ၊ သက်သေခံပစ္စည်းများ ၊ အထောက်အထားများကို ရရှိနိုင်သမျှ၊ တတ်နိုင်သမျှ စုံစမ်းစစ်ဆေးမေးမြန်းရမည်၊

(ငင) အဆိုပါအင်ဂျင်နီယာ၏ ဖြေရှင်းချက်နှင့် အဖွဲ့၏စုံစမ်းစစ်ဆေးမေးမြန်းချက်များအပေါ် စိစစ်၍ အဆိုပါအင်ဂျင်နီယာသည် ကျင့်ဝတ်သိက္ခာ(များ)ကို ဖောက်ဖျက်ကျူးလွန်ခြင်း ရှိ/မရှိ သုံးသပ်ရမည်၊

(စစ) အဖွဲ့၏သုံးသပ်ချက်ကို အနီးဆုံး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ၊ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ ဆုံးဖြတ်ချက် ရယူရမည်။

၂၃။ **စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့ သည် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင် (၁)ဦးအား ဥက္ကဋ္ဌ အဖြစ် လည်းကောင်း ၊ (၁၅)ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များ အဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည် -

(က) **လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတွင် မှတ်ပုံတင်ထားသည့် မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသော ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်များ အင်ဂျင်နီယာဆိုင်ရာ ကျင့်ဝတ် ၊ သိက္ခာများနှင့် စည်းမျဥ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းစေရန် ကြပ်မတ်ခြင်း ၊ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း ၊ စစ်ဆေးခြင်းနှင့် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း ၊

(၂) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင် မှတ်ပုံတင်ထားသော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ပြည်တွင်းပြည်ပကုမ္ပဏီ အဖွဲ့အစည်းများအား ဆိုင်ရာကျင့်ဝတ်သိက္ခာများ ၊ စည်းမျဥ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းစေရန် ကြပ်မတ်ခြင်း ၊ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်း ။

(ခ) **လုပ်ထုံးလုပ်နည်းများ**

လုပ်ငန်းကော်မတီလုပ်ထုံးလုပ်နည်းများသည် ဤနည်းဥပဒေ အခန်း(၁၀) စည်းကမ်းထိန်းသိမ်းရေးအခန်းတွင် အသေးစိတ် ဖော်ပြပါရှိသည့်အတိုင်း ဖြစ်သည် ။

၂၄။ **စံချိန်စံညွှန်းများ ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ ပြုစုရေး လုပ်ငန်းကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့သည် ဤလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ၊ (၁၅)ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး လျက် ဖွဲ့စည်းရမည် -

(က) **လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများ၏ အရည်အသွေး ၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက်

မြန်မာ့စံချိန်စံညွှန်း(National Standard)များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းပြုစုခြင်း၊

(၂) အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများ၏ အရည်အသွေး ၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် လုပ်ငန်းအခြေခံ စံနှုန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်း ပြုစုခြင်း၊

(၃) သက်ဆိုင်ရာအထူးပြု ဘာသာရပ်အလိုက် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများ(Code of Practice) ပြုစုနိုင်ရေးအတွက် အထူးပြု ဘာသာရပ်အလိုက် အဖွဲ့များဖွဲ့၍ သက်ဆိုင်ရာဝန်ကြီးဌာနများ ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၄) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများ၏ အရည် အသွေး ၊ အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများ (Rules & Regulation) တို့အား ထုတ်ပြန်ခြင်း ။

(ခ) **လုပ်ထုံးလုပ်နည်းများ**

(၁) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းများ၏ စံချိန်စံညွှန်းများအတွက် မြန်မာနိုင်ငံစံချိန်စံညွှန်း ၊ အာဆီယံ စံချိန်စံညွှန်းများနှင့် နိုင်ငံတကာစံချိန်စံညွှန်းများကို ကိုးကားရန်၊

(၂) သက်ဆိုင်ရာအထူးပြုဘာသာရပ်အလိုက် အင်ဂျင်နီယာပညာနှင့် နည်းပညာ ကျင့်ထုံးများ ပြုစုနိုင်ရေးအတွက် အာဆီယံနိုင်ငံများ၏ ကျင့်ထုံးများနှင့် ခေတ်မီဖွံ့ဖြိုးပြီး နိုင်ငံများ၏ ကျင့်ထုံးများကို ကိုးကားရန် ။

၂၅။ **အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ်သင်ကြားရေး လုပ်ငန်းကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့သည် ဤလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးအား ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ (၁၅)ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များ အဖြစ် လည်းကောင်း၊ သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည် -

(က) **လုပ်ငန်းကော်မတီ၏တာဝန်များ**

(၁) အင်ဂျင်နီယာပညာနှင့်နည်းပညာဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်စေရေးအတွက် စာတွေ့နှင့် လက်တွေ့ သင်တန်းများ ၊

အလုပ်ရုံဆွေးနွေးပွဲများနှင့် ညီလာခံများကို ကြီးမှူးကျင်းပခြင်း ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့ အစည်းအဝေးများ ၊ ညီလာခံများသို့ နိုင်ငံကိုယ်စားပြု၍ ပါဝင်တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးခြင်း ၊

(၂) လုပ်ငန်းလိုအပ်ချက်များနှင့်အညီ အင်ဂျင်နီယာ ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ် လေ့လာသင်ကြားမှု ရရှိနိုင်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် လိုအပ်သည်များ ပံ့ပိုးကူညီခြင်း ၊

(၃) ပညာရှင်အဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုစနစ် (Continuing Professional Development-CPD)အကောင်အထည်ဖော်ခြင်း ၊

(၄) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသန ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ကူညီခြင်း ၊

(၅) အင်ဂျင်နီယာ ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ ၊ နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေး ထိန်းသိမ်းမြှင့်တင်နိုင်ရန် အစိုးရဌာနများ ၊ အစိုးရအဖွဲ့အစည်းများ ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဆက်သွယ်အကြံပြုခြင်း ၊ ကူညီခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ခ) **လုပ်ထုံးလုပ်နည်းများ**

(၁) ပညာရှင်အဆင့် စဉ်ဆက်မပြတ်လေ့လာသင်ကြားမှုစနစ် အကောင်အထည်ဖော်ခြင်းနှင့် စာတွေ့လက်တွေ့သင်တန်း ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ရာတွင် မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီ၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီတို့နှင့် ညှိနှိုင်း၍ အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်၊

(၂) အဖွဲ့အစည်းအသီးသီးမှ တင်ပြလာသော စဉ်ဆက်မပြတ် လေ့လာသင်ကြားရေးအစီအစဉ်အား အသိအမှတ်ပြုခြင်းနှင့် အတတ်ပညာ

ဆိုင်ရာဖွံ့ဖြိုးမှုအမှတ် (PDU) သတ်မှတ်ပေးခြင်းကို လုပ်ထုံးလုပ်နည်း ထုတ်ပြန်၍ ဆောင်ရွက်ရမည်၊

(၃) မှတ်ပုံတင်ရန် လျှောက်ထားလာသူ၏ စဉ်ဆက်မပြတ်လေ့လာသင်ကြားမှု အစီအစဉ် (CPD) ကို စီစစ်၍ လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ဆုံးဖြတ်ပေးရမည်၊

(၄) စဉ်ဆက်မပြတ်လေ့လာသင်ကြားမှု အစီအစဉ်အတွက် အင်ဂျင်နီယာအထူးပြုဘာသာရပ်အလိုက် လုပ်ငန်းအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်၊

(၅) စဉ်ဆက်မပြတ်လေ့လာသင်ကြားမှုအစီအစဉ်အတွက် ကျင့်သုံးမည့် လုပ်ထုံးလုပ်နည်း အသေးစိတ်ကို အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ကြေညာရမည်၊

(၆) မှတ်ပုံတင်ရန် လျှောက်ထားသူ၏ လက်ရှိစဉ်ဆက်မပြတ် လေ့လာသင်ကြားမှု ရမှတ်အခြေအနေကို သိရှိရန် တောင်းခံမေးမြန်းခြင်း ၊ အသိအမှတ်ပြုခြင်းအတွက် သတ်မှတ်ထားသောငွေပေးသွင်းစေ၍ ထောက်ခံစာ ထုတ်ပေးနိုင်သည်၊

(ဆ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နိုင်ရန် အမှုဆောင်အရာရှိ ၁ ဦးကို ကောင်စီ၏ သဘောတူညီချက်ဖြင့် ခန့်ထား တာဝန်ပေးရမည်၊

(၇) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အရ မှတ်ပုံတင်ထားသူအတွက် လိုအပ်ချက်များ ၊ သတ်မှတ်ချက်များကို မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၆။ **အင်ဂျင်နီယာပညာဆိုင်ရာ ကုမ္ပဏီများ ၊ အဖွဲ့အစည်းများအား စိစစ် အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ။** အလုပ်အမှုဆောင်အဖွဲ့သည် ဤလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင် တစ် ဦးအား ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ၊ ၁၅ ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည် -

(က) **လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်းပြည်ပ အတိုင်ပင်ခံကုမ္ပဏီများ ၊ အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်းကုမ္ပဏီ

များ ၊ အဖွဲ့အစည်းများ ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ ၊ စံချိန်စံညွှန်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများကိုက်ညီမှု ရှိ မရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ သဘောထား ပြန်ကြားခြင်း ၊

(၂) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်းပြည်ပ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သောကုမ္ပဏီများအား စိစစ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်အသိအမှတ်ပြုရေး ဆောင်ရွက်ရမည် ၊

(၃) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းပြည်ပ အတိုင်ပင်ခံ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများ ၊ အဖွဲ့အစည်းများအား စိစစ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်အသိအမှတ်ပြုရေး ဆောင်ရွက်ရမည် ။

(ခ) **လုပ်ထုံးလုပ်နည်းများ**

(၁) ဤလုပ်ငန်းကော်မတီသည် အောက်ဖော်ပြပါ အချက်အလက်များကို အခြေခံ၍ စိစစ်အသိအမှတ်ပြုဆောင်ရွက်ရမည် -

(ကက) မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားရှိမည့် ကုမ္ပဏီ၏ဖွဲ့စည်းပုံ ၊

(ခခ) မြန်မာနိုင်ငံတွင် တာဝန်ယူဆောင်ရွက်မည့် တာဝန်ခံ၏ အမည် ၊ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံ ၊

(ဂဂ) တာဝန်ခံအင်ဂျင်နီယာ၏ အမည်၊ အင်ဂျင်နီယာဘွဲ့၊ မှတ်ပုံတင်လက်မှတ်နှင့် အတွေ့အကြုံ ၊

(ဃဃ) လုပ်ငန်းအရည်အသွေး ထိန်းသိမ်းကွပ်ကဲမှုအခြေအနေ ၊

(ငင) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှု အခြေအနေ ၊

(စစ) လုပ်ငန်းခွင်သုံး စက်ကိရိယာနှင့် အထောက်အကူ ပစ္စည်းများ ၊

(၂) စိစစ်အသိအမှတ်ပြုခြင်းကို နှစ်စဉ် ပြန်လည်စိစစ်ဆောင်ရွက်ရမည် ။

၂၇။ **အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ ဆက်ဆံရေး လုပ်ငန်းကော်မတီ ။** အလုပ်အမှုဆောင်အဖွဲ့သည် ဤလုပ်ငန်းကော်မတီကို အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးအား ဥက္ကဋ္ဌ အဖြစ် လည်းကောင်း ၊ ၁၅ ဦးထက်မပိုသော ကောင်စီဝင်များအား အဖွဲ့ဝင်များ အဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေးလျက် ဖွဲ့စည်းရမည် -

(က) **လုပ်ငန်းကော်မတီ၏ တာဝန်များ**

(၁) မြန်မာနိုင်ငံသား အင်ဂျင်နီယာများ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုနိုင်မည့် ဒေသတွင်းနှင့် နိုင်ငံတကာအစိုးရ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများ ၊ တက္ကသိုလ်များ ၊ ပညာရှင်များနှင့် ထိတွေ့ဆက်ဆံနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေလုပ်ဆောင်ခြင်း ၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ၊

(၂) ကမ္ဘာနိုင်ငံအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အင်ဂျင်နီယာနှင့် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်း ထိန်းသိမ်းဆောင်ရွက်ခြင်း လုပ်ငန်းများ အတွေ့အကြုံများအား လေ့လာခြင်း ၊

(၃) အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာ အင်ဂျင်နီယာကောင်စီများနှင့်ဆက်သွယ်ခြင်းနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ဖော်ထုတ်ဆောင်ရွက်ခြင်း ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း ၊

(၄) ခေတ်မီအင်ဂျင်နီယာ နည်းပညာရပ်များ ၊ ကျွမ်းကျင်မှုဆိုင်ရာ နည်းစဉ်သစ်များ ၊ သဘာဝပတ်ဝန်းကျင်နှင့် လူသားအကျိုးပြု အင်ဂျင်နီယာ နည်းပညာရပ်များနှင့် စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ အတွေ့အကြုံများ ၊ သုတေသနနှင့်ဖွံ့ဖြိုးမှု လုပ်ငန်းများ အပေါ် မြန်မာနိုင်ငံအင်ဂျင်နီယာများ ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာကျွမ်းကျင်သူများသို့ ထပ်ဆင့်ဖြန့်ဝေဆောင်ရွက်ပေးခြင်း ၊

(၅) မြန်မာနိုင်ငံအင်ဂျင်နီယာများ ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာကျွမ်းကျင်သူများအတွက် နိုင်ငံတကာအတွေ့အကြုံများ ရရှိစေမည့် ဆွေးနွေးပွဲများ ၊ ကွန်ဖရင့်များ ၊ သင်တန်းများ ၊

လေ့လာရေး ခရီးစဉ်များ ၊ စာတမ်းဖတ်ပွဲများသို့ တက်ရောက်ခွင့် ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း ။

(ခ) **လုပ်ထုံးလုပ်နည်းများ**

(၁) မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ Website တည်ထောင်ခြင်းနှင့် အဆိုပါ Website မှ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဆိုင်ရာ သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီ လွှင့်တင် ဖြန့်ဝေပေးရန်၊

(၂) အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာရှိ အင်ဂျင်နီယာကောင်စီ များသို့ ဆက်သွယ်ခြင်း ၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်း အချက်အလက် ရယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၃) သက်ဆိုင်ရာ အင်ဂျင်နီယာများအကြား အပြန်အလှန် ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ညှိနှိုင်းရေးဆွဲရန်၊

(၄) နိုင်ငံတကာဆက်ဆံရေးအတွက် လိုအပ်သော Internet Accessary နှင့် Computer Facility Room များ ၊ နိုင်ငံတကာ ဧည့်သည်များအတွက် ဧည့်ခန်းဆောင်(Call Room)များ စီစဉ်ရန်၊

(၅) မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအောက်၌ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီအသီးသီးနှင့် ချိတ်ဆက်လျက် သတင်းအချက် အလက်များရယူခြင်း၊ ကောင်စီ Website တွင် လွှင့်တင်ပေးရန်၊

(၆) နိုင်ငံတကာအစိုးရ သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် တက္ကသိုလ်များမှ ပညာရှင်များက မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ သို့ ပေးပို့ဆက်သွယ်လာသောစာများနှင့် သတင်းအချက်အလက် များအား ကောင်စီဝင်များသို့ ဆက်လက်ဖြန့်ဝေပေးပို့ရန်နှင့် သက်ဆိုင်ရာသို့ ပြန်လည်ပေးပို့ရေးအတွက် ကူညီပေးရန်၊

(၇) နိုင်ငံအလိုက် အင်ဂျင်နီယာကောင်စီများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြသော အင်ဂျင်နီယာမှတ်ပုံတင်ခြင်း ဆိုင်ရာ သတင်းအချက်အလက်များ ၊ အင်ဂျင်နီယာကျင့်ဝတ် သိက္ခာပိုင်း ဆိုင်ရာများ ၊ အင်ဂျင်နီယာ အရည်အသွေးပိုင်း ဆိုင်ရာ အသိအမှတ်ပြုမှု လုပ်ငန်းများ ၊ စည်းကမ်းထိန်းသိမ်းရေး ၊ အင်ဂျင်နီယာ ပညာစဉ်ဆက်မပြတ်သင်ကြားရေး ၊ လုပ်ငန်းအခြေခံ စံချိန်စံညွှန်းများ ၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကုမ္ပဏီများ ၊ အဖွဲ့

အစည်းများအား စိစစ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရရှိသော သတင်းအချက်အလက်များအား သက်ဆိုင်ရာလုပ်ငန်းကော်မတီများသို့ ဆက်လက်ဖြန့်ဝေပေးရန်။

၂၈။ **အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။** အလုပ်အမှုဆောင်အဖွဲ့ သည် အခြားလိုအပ်သော လုပ်ငန်းကော်မတီများကို သင့်လျော်သလို ဖွဲ့စည်းရမည်။

**အင်ဂျင်နီယာအထူးပြုပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ**

၂၉။ အလုပ်အမှုဆောင်အဖွဲ့သည်

(က) အောက်ပါ အင်ဂျင်နီယာအထူးပြု ပညာရပ်အလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရမည် -

(၁) မြို့ပြ အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၂) စက်မှု အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၃) လျှပ်စစ်စွမ်းအား အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၄) အီလက်ထရောနစ် အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၅) ဓါတု အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၆) ချည်မျှင်နှင့်အထည် အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၇) ရေနံ အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၈) သတ္တုတူးဖော်ရေး အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၉) သတ္တုဗေဒ အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၁၀) ရေကြောင်းပညာ အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၁၁) လေကြောင်းပညာ အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၁၂) သတင်းအချက်အလက်နည်းပညာ အင်ဂျင်နီယာလုပ်ငန်းအဖွဲ့၊

(၁၃) စက်မှုအီလက်ထရောနစ် အင်ဂျင်နီယာလုပ်ငန်းအဖွဲ့။

(ခ) အထက်အပိုဒ်ခွဲငယ်(၁)မှ (၁၃)ထိ မပါဝင်သော အထူးပြုပညာရပ်များကို ပညာရပ်ချင်းဆက်စပ်မှုရှိသော လုပ်ငန်းအဖွဲ့အတွင်း ထည့်သွင်းဖွဲ့စည်းရမည်၊

(ဂ) လုပ်ငန်းအဖွဲ့တွင် သက်ဆိုင်ရာ ပညာရပ်ဆိုင်ရာ ကောင်စီဝင်အား ဥက္ကဋ္ဌ အဖြစ် လည်းကောင်း ၊ သက်ဆိုင်ရာပညာရပ်အလိုက် မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်(PE)ရပြီးသူ ဝါရင့်အင်ဂျင်နီယာ (၅)ဦးမှ (၁၀)ဦးထိအား အဖွဲ့ဝင်များအဖြစ် လည်းကောင်း တာဝန်ပေးအပ်ရမည်၊

(ဃ) လုပ်ငန်းအဖွဲ့များက သက်ဆိုင်ရာပညာရပ်များနှင့် စပ်လျဉ်း၍ ကောင်စီအား ပေးသောအကြံဉာဏ်များကို အလုပ်အမှုဆောင်အဖွဲ့က လက်ခံ စဉ်းစား၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်သော ကိစ္စများကို ကောင်စီ၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက် ရမည်။

# အခန်း(၅)
# ကောင်စီအစည်းအဝေးများ

## အစည်းအဝေးများ

၃၀။ **ကောင်စီအစည်းအဝေး။** ကောင်စီ၏ ပုံမှန်အစည်းအဝေးကို (၃)လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ရမည် ။ ဥက္ကဋ္ဌ၏ မေတ္တာရပ်ခံချက်အရ လည်းကောင်း ၊ ကောင်စီဝင် အနည်းဆုံး(၁၅)ဦးက စာဖြင့် လက်မှတ်ရေးထိုးတင်ပြချက်အရ လည်းကောင်း ၊ အထူးအစည်းအဝေးကျင်းပပြုလုပ်ရန် ပေါ်ပေါက်လာလျှင် မှတ်ပုံတင်အရာရှိချုပ်သည် ထိုသို့တင်ပြချက်များလက်ခံရရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကောင်စီ အထူးအစည်းအဝေးခေါ်ယူရမည် ။ ကောင်စီဝင် အနည်းဆုံးထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည် ။

၃၁။ **အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး။** အလုပ်အမှုဆောင်အဖွဲ့ ပုံမှန်အစည်းအဝေးကို တစ်လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ရမည် ။ ဥက္ကဋ္ဌ ၏ မေတ္တာရပ်ခံချက်အရ လည်းကောင်း ၊ အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး(၈)ဦးက စာဖြင့် လက်မှတ်ရေးထိုးတင်ပြချက်အရလည်းကောင်း၊ အထူးအစည်းအဝေးကျင်းပပြုလုပ်ရန် ပေါ်ပေါက်လာလျှင် မှတ်ပုံတင်အရာရှိချုပ်သည် ထိုသို့တင်ပြချက်များ လက်ခံရရှိသည့်နေ့မှ (၇)ရက်အတွင်း အလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေး ခေါ်ယူရမည် ။ အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည် ။

၃၂။ **လုပ်ငန်းကော်မတီအစည်းအဝေး။** လုပ်ငန်းကော်မတီများ၏ ညှိနှိုင်းအစည်းအဝေးများကို လိုအပ်လျှင် လိုအပ်သလို ကျင်းပပြုလုပ်ရမည် ။

၃၃။ ကောင်စီက ကျင်းပသော ကောင်စီအစည်းအဝေး ၊ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး ၊ လုပ်ငန်းကော်မတီအစည်းအဝေးများ၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ကန့်သတ်အဆင့် သတ်မှတ်ရမည် ။

## ဖိတ်ကြားခြင်း

၃၄။ (က) မှတ်ပုံတင်အရာရှိချုပ်သည် အစည်းအဝေး ကျင်းပမည့်နေရာ ၊ နေ့ရက် ၊ အချိန်နှင့် အစည်းအဝေးတွင် ဆွေးနွေးမည့် အကြောင်းအရာများကို

ဖော်ပြလျက် အစည်းအဝေးမကျင်းပမီ အနည်းဆုံး(၅)ရက် ကြိုတင်၍ စာဖြင့် ဖိတ်ကြားရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာလက်ခံရရှိခြင်းမရှိ၍ ကောင်စီဝင်တစ်ဦးဦး အစည်းအဝေး တက်ရောက်ရန် ပျက်ကွက်ခြင်းသည် ထိုအစည်းအဝေးတွင် ဆုံးဖြတ်ထားသည့် ကိစ္စများအား ပျက်ပြယ်ခြင်း မရှိစေရ။

**အစည်းအဝေးမှတ်တမ်းများ**

၃၅။ (က) မှတ်ပုံတင်အရာရှိချုပ်သည် အစည်းအဝေးမှတ်တမ်းတင်သူ အဖြစ် ဆောင်ရွက်ရမည်။

(ခ) အစည်းအဝေးမှတ်တမ်းအားလုံးကို မှတ်ပုံတင်အရာရှိချုပ်က စနစ်တကျ မှတ်တမ်းတင် သိမ်းဆည်းရမည်။

(ဂ) အစည်းအဝေးတစ်ခုကျင်းပပြီးတိုင်း မှတ်ပုံတင်အရာရှိချုပ်သည် အစည်းအဝေးမှတ်တမ်း မူကြမ်းကို အစည်းအဝေးတက်ရောက်သူ အားလုံးက အတည်ပြုနိုင်ရန် အတည်ပြုပေးရမည့် နောက်ဆုံးရက် သတ်မှတ်၍ လှည့်လည် ဖြန့်ဝေရမည်။

(ဃ) အစည်းအဝေးမှတ်တမ်းတိုင်းသည် အစည်းအဝေး၌ ဆုံးဖြတ်ထားသော အချက်အားလုံးအတွက် သက်သေခံဖြစ်သည်။ အစည်းအဝေးမှတ်တမ်း တစ်ခုခုက ရည်ညွှန်းသော အစည်းအဝေးသည် အခြားဆန့်ကျင်ဖက် တစ်နည်းနည်းနှင့် သက်သေပြနိုင်ခြင်း မရှိလျှင် စနစ်တကျဖွဲ့စည်း ကျင်းပခဲ့သော အစည်းအဝေးဖြစ်သည်ဟု မှတ်ယူရမည်။

**ဆန္ဒမဲပေးခြင်း**

၃၆။ အစည်းအဝေးတိုင်းတွင် ပေါ်ပေါက်လာသော ပြဿနာ တစ်ရပ်ရပ်အတွက် အဆုံးအဖြတ်ရယူရန် တက်ရောက်လာသူအများစုက လက်ထောင်ကာ ဆန္ဒပြုခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အစည်းအဝေးတက်ရောက်သူ တစ်ဦးဦးက မှတ်တမ်းတင်ပေးရန် အဆိုပြုလျှင် ထောက်ခံသူ အမည်စာရင်း၊ ကန့်ကွက်သူအမည်စာရင်းနှင့် ကြားနေသူအမည်စာရင်းကို အစည်းအဝေး မှတ်တမ်းတွင် မှတ်တမ်းတင်ရမည်။

**ဘဏ္ဍာငွေရှင်းတမ်းတင်ပြခြင်း**

၃၇။ ကောင်စီအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတိုင်းတွင် ကောင်စီဘဏ္ဍာရေးမှူးသည် ဘဏ္ဍာငွေရှင်းတမ်းကို အောက်ပါအတိုင်းတင်ပြရမည် -

(က) လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ကောင်စီက ရငွေနှင့်သုံးငွေများကို အစည်းအဝေးမတိုင်မီ နောက်ဆုံးအခြေအနေအထိ တင်ပြရမည် ။

( ခ) နောက်ဆုံးအခြေအနေနှင့်ကိုက်ညီသော ငွေလက်ကျန်ရှင်းတမ်းကို တင်ပြရမည် ။

## အခန်း(၆)

## ရုံးအဖွဲ့ဖွဲ့စည်းခြင်း

### ရုံးအဖွဲ့

၃၈။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့၏ဖွဲ့စည်းပုံကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) မှတ်ပုံတင်အရာရှိချုပ် ၁ ဦး

( ခ) လက်ထောက်မှတ်ပုံတင်အရာရှိချုပ် ၁ ဦး

( ဂ) ငွေစာရင်းအရာရှိ ၁ ဦး

(ဃ) ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏနှင့် ညီမျှသော ဝန်ထမ်းများ ။

### မှတ်ပုံတင်အရာရှိချုပ်

၃၉။ **မှတ်ပုံတင်အရာရှိချုပ်၏ တာဝန်နှင့် ဝတ္တရားများ။** မှတ်ပုံတင်အရာရှိချုပ် ၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေနှင့်အညီ မှတ်ပုံတင်သော အင်ဂျင်နီယာ ၊ ဗွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ မှတ်ပုံတင်လက်မှတ် ကို စိစစ်၍ တင်ပြခြင်း ၊

(ခ) မှတ်ပုံတင်စာရင်း ရေးသွင်းခြင်း ၊ မှတ်ပုံတင်စာရင်း ပြုစုခြင်းနှင့် အခါအားလျော်စွာ ထုတ်ပြန်ခြင်း ၊

(ဂ) မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း၊ ပြန်လည် မှတ်ပုံတင် စာရင်းသွင်းခြင်း ၊

(ဃ) ရုံးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း ၊

(င) ကောင်စီအစည်းအဝေးများနှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများ ကျင်းပရေးအတွက် ဖိတ်ကြားခြင်း ၊

(စ) ကောင်စီအစည်းအဝေးများနှင့် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများ တွင် အစည်းအဝေးမှတ်တမ်းတင်သူအဖြစ် ဆောင်ရွက်ခြင်း ၊

(ဆ) အစည်းအဝေးမှတ်တမ်းများ ထိန်းသိမ်းခြင်း ၊

(ဇ) ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့က ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အခါအား လျော်စွာ အစီအရင်ခံ တင်ပြခြင်း ။

**လက်ထောက် မှတ်ပုံတင်အရာရှိချုပ်**

၄၀။ လက်ထောက်မှတ်ပုံတင်အရာရှိချုပ်သည် မှတ်ပုံတင်အရာရှိချုပ်ကို တာဝန်ခံ ရမည် ။

**ငွေစာရင်းအရာရှိ**

၄၁။ ငွေစာရင်းအရာရှိသည် ဘဏ္ဍာရေးမှူးအား တာဝန်ခံ၍ ကောင်စီ၏ငွေစာရင်း ဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရမည် ။

**လစာနှင့်စရိတ်**

၄၂။ မှတ်ပုံတင်အရာရှိချုပ် ၊ လက်ထောက်မှတ်ပုံတင်အရာရှိချုပ် ၊ ငွေစာရင်းအရာရှိ နှင့် ရုံးအဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကောင်စီက သတ်မှတ်ပေးသော လစာနှင့်စရိတ် ခံစားခွင့် ရှိသည် ။

## အခန်း(၇)

## ဘဏ္ဍာရေး

၄၃။ ကောင်စီသည် ကောင်စီဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ရမည် -

(က) မှတ်ပုံတင်ကြေး ၊ နှစ်စဉ်ကြေး ၊ ရက်လွန်ကြေးနှင့် အခြားရခွင့်ရှိသော ငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ ။

၄၄။ ကောင်စီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်၊

(ခ) မိမိရန်ပုံငွေဖြင့်ရပ်တည်ရာ၌ လုံလောက်မှုမရှိပါက ဆောက်လုပ်ရေး ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည် ။

၄၅။ မှတ်ပုံတင်ကြေးနှင့်နှစ်စဉ်ကြေးကဲ့သို့ ကောင်စီ၏ရငွေများသည် လည်းကောင်း၊ ပြည်တွင်းပြည်ပအလှူရှင်များက လှူဒါန်းသော အလှူငွေများသည် လည်းကောင်း ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကျခံသော ဘဏ္ဍာရေးအသုံးစရိတ်များ သည် လည်းကောင်း တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျ ငွေစာရင်း သွင်းခြင်း ၊ သုံးစွဲခြင်း ၊ လက်ကျန်ရှင်းတမ်း ထုတ်ခြင်း ၊ အခါအားလျော်စွာ ငွေစာရင်း စစ်ဆေးခြင်းများ ပြုလုပ်ရမည် ။

၄၆။ ဤနည်းဥပဒေအရ ကောင်စီသို့ ပေးသွင်းသည့် မှတ်ပုံတင်ကြေး အပါအဝင် ကောင်စီပိုင်ငွေကြေး အားလုံးကို ကောင်စီက ဖွင့်လှစ်ထားသော ဘဏ်စာရင်းတွင် ပေးသွင်းရမည် ။ ငွေထုတ်ချက်လက်မှတ်အားလုံးကို ဥက္ကဋ္ဌ သို့မဟုတ် ဤကိစ္စအလို့ငှာ ဥက္ကဋ္ဌ က ကိုယ်စားတာဝန်ပေးအပ်ထားသော ဒုတိယဥက္ကဋ္ဌ နှင့် အခြား အလုပ်အမှု ဆောင်အဖွဲ့ဝင် (၂)ဦးက လက်မှတ်ရေးထိုးရမည် ။

၄၇။ ကောင်စီ၏ ငွေစာရင်းများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကို ခံယူရမည် ။

၄၈။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး (၃)လထက်မကျော်လွန်သော ကာလအတွင်း ကောင်စီသည် ပြီးခဲ့သည့်နှစ်အတွင်း မိမိ၏ဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေး အခြေအနေများကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ စာဖြင့် ရေးသားအစီရင်ခံရမည် ။

၄၉။ **ပြည်တွင်းပြည်ပရှိအဖွဲ့အစည်းနှင့် အလှူရှင်များထံမှအလှူငွေများ ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံနိုင်ရန် လုပ်ထုံးလုပ်နည်းများ**

(က) ပြည်တွင်းအဖွဲ့အစည်းဖြစ်ပါက တရားဝင်မှတ်ပုံတင် ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်ရမည် ၊

(ခ) ပြည်ပအဖွဲ့အစည်းဖြစ်ပါက မိမိသက်ဆိုင်ရာနိုင်ငံတွင် တရားဝင် မှတ်ပုံတင် ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်ရမည် ၊ လိုအပ်ပါက သက်ဆိုင်ရာသံရုံးများ၏ စိစစ်ထောက်ခံချက် ပါရှိရမည် ၊

(ဂ) အလှူရှင်များထံမှရရှိသော အလှူငွေများ ၊ ပစ္စည်းများနှင့် ပတ်သက်၍ အလှူရှင်၏ အမည် ၊ နေရပ်လိပ်စာ ၊ အလှူငွေ/ ပစ္စည်းတန်ဖိုး ၊ လှူဒါန်းသည့်နေ့ရက်စသည်တို့ကို စနစ်တကျမှတ်တမ်းတင်ပြီး အလှူငွေ/ ပစ္စည်းလက်ခံရရှိကြောင်း ပြေစာအား မပျက်မကွက် ပြန်လည်ပေးအပ်ရမည် ၊

(ဃ) ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ လှူဒါန်းပါက ပိုင်ဆိုင်မှုနှင့်ပတ်သက်သော အထောက်အထားများအား သက်ဆိုင်ရာဌာန ၊ အဖွဲ့အစည်းများ၏ စိစစ်ထောက်ခံမှုဖြင့် လက်ခံနိုင်သည် ၊

(င) လှူဒါန်းမှုအစုစုသည် အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်ရှိရန် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆောင်ရွက်ရမည် ။

## အခန်း(၈)
## မှတ်ပုံတင်ခြင်း

၅၀။ ကောင်စီက အသိအမှတ်ပြုသည့် တက္ကသိုလ် ၊ ကောလိပ် ၊ သိပ္ပံ များမှ သက်ဆိုင်ရာဘွဲ့ ၊ ဒီပလိုမာများ ရရှိပြီးနောက် ဤဥပဒေအရ ကောင်စီတွင် မှတ်ပုံတင်လက်မှတ် လျှောက်ထားလိုသော နည်းပညာကျွမ်းကျင်သူ ၊ ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် အင်ဂျင်နီယာများသည် ကောင်စီတွင် မှတ်ပုံတင်ရန် လျှောက်ထား ရမည် ။

၅၁။ မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီက လိုအပ်သလို စိစစ်၍ လက်မှတ်ထုတ်ပေးရန် သဘောတူသဖြင့် မှတ်ပုံတင်အရာရှိချုပ်အား လက်မှတ်များ ထုတ်ပေးရန် အကြောင်းကြားလျှင် လျှောက်ထားသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် မှတ်ပုံတင်အရာရှိချုပ်က လက်မှတ်ရေးထိုး၍ အောက်ပါလက်မှတ်များ ထုတ်ပေးရမည် -

(က) အလုပ်သင် နည်းပညာကျွမ်းကျင်သူလက်မှတ် ၊

(ခ) အလုပ်သင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ် ၊

(ဂ) အလုပ်သင် အင်ဂျင်နီယာလက်မှတ် ။

၅၂။ မှတ်ပုံတင်အရာရှိချုပ်သည် ဤကဲ့သို့ ထုတ်ပေးသော လက်မှတ်များကို မှတ်ပုံတင်စာရင်း ရေးသွင်းရမည် ။

### အလုပ်သင်ကာလ

၅၃။ အလုပ်သင် နည်းပညာကျွမ်းကျင်သူ ၊ အလုပ်သင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ ၊ အလုပ်သင်အင်ဂျင်နီယာတိုင်း၏ အလုပ်သင်ကာလသည် အောက်တွင် ယှဉ်တွဲ ဖော်ပြသည့်အတိုင်း ဖြစ်သည် -

| | |
|---|---|
| (က) အလုပ်သင် နည်းပညာကျွမ်းကျင်သူ | ၂ နှစ် |
| (ခ) အလုပ်သင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ | ၂ နှစ် |
| (ဂ) အလုပ်သင် အင်ဂျင်နီယာ | ၄ နှစ် |

၅၄။ အလုပ်သင် နည်းပညာကျွမ်းကျင်သူသည် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ၏ လက်အောက်တွင် (၂)နှစ် အလုပ်သင် တာဝန်ထမ်းဆောင်ပြီး ထိုသို့ တာဝန်ထမ်းဆောင်ခဲ့မှုသည် ကျေနပ်ဖွယ်ရှိကြောင်း သက်ဆိုင်ရာ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင် က လက်မှတ်ရေးထိုးသော ထောက်ခံစာကို တင်ပြနိုင်ရမည် ။

၅၅။ အလုပ်သင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူသည် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်၏ လက်အောက်တွင် (၂)နှစ် အလုပ်သင်တာဝန်ထမ်းဆောင်ပြီး ထိုသို့တာဝန်ထမ်းဆောင်ခဲ့မှုသည် ကျေနပ်ဖွယ်ရှိကြောင်း သက်ဆိုင်ရာမှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်က လက်မှတ်ရေးထိုးထားသောထောက်ခံစာကိုတင်ပြနိုင်ရမည်။

၅၆။ အလုပ်သင်အင်ဂျင်နီယာသည် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ၏ လက်အောက် တွင် (၄)နှစ် အလုပ်သင် တာဝန်ထမ်းဆောင်ပြီး ထိုသို့ တာဝန်ထမ်းဆောင်ခဲ့မှုသည် ကျေနပ်ဖွယ်ရှိကြောင်း သက်ဆိုင်ရာ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် က လက်မှတ် ရေးထိုးထားသော ထောက်ခံစာကို တင်ပြနိုင်ရမည် ။

၅၇။ **မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်။** အလုပ်သင်ကာလ ပြီးဆုံး၍ မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီသို့ သက်ဆိုင်ရာ မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ၏ ထောက်ခံစာတင်ပြပြီး လျှောက်ထားလာသော အလုပ်သင်နည်းပညာ ကျွမ်းကျင်သူအား မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီက ခေါ်ယူ၍ လူတွေ့၊စာတွေ့စစ်ဆေးပြီး သတ်မှတ်အရည်အချင်း ပြည့်မီကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရန် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည် ။ အလုပ်အမှုဆောင်အဖွဲ့က သဘောတူညီလျှင် မှတ်ပုံတင် လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် မှတ်ပုံတင်အရာရှိချုပ်ထံ စာဖြင့် အကြောင်းကြားရမည် ။ မှတ်ပုံတင်အရာရှိချုပ်သည် လျှောက်ထားသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် ကောင်စီ ဥက္ကဋ္ဌ ကိုယ်တိုင် သို့မဟုတ် ဥက္ကဋ္ဌ က အခွင့်အာဏာအပ်နှင်းထားသူ က လက်မှတ် ရေးထိုးထားသော မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည် ။ မှတ်ပုံတင်အရာရှိချုပ်သည် ဤကဲ့သို့ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်များကို မှတ်ပုံတင်စာရင်း ရေးသွင်းရမည် ။

၅၈။ **မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ်။** အလုပ်သင်ကာလ ပြီးဆုံး၍ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသို့ သက်ဆိုင်ရာမှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ၏ ထောက်ခံစာတင်ပြပြီး လျှောက်ထားလာသော ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူအား မှတ်ပုံတင်လက်မှတ်စိစစ်ရေးကော်မတီက ခေါ်ယူ၍ လူတွေ့ ၊ စာတွေ့ စစ်ဆေးပြီး သတ်မှတ်အရည်အချင်းပြည့်မီကြောင်း တွေ့ရှိရလျှင် မှတ်ပုံတင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရန် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည် ။ မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်ရရှိပြီး သတ်မှတ် ကာလ(၂)နှစ်ပြည့်မြောက်ကာ ပြဋ္ဌာန်းထားသည့်သတ်မှတ်ချက်များ ပြည့်မီအောင် ဖြည့်ဆည်းနိုင်၍ သတ်မှတ်အရည်အချင်းပြည့်မီသော မှတ်ပုံတင်နည်းပညာကျွမ်းကျင် သူအား မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီသည် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည် ။ အလုပ်အမှုဆောင်အဖွဲ့က သဘောတူညီလျှင် မှတ်ပုံတင် လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် မှတ်ပုံတင်အရာရှိချုပ်ထံ စာဖြင့် အကြောင်းကြားရမည် ။ မှတ်ပုံတင်အရာရှိချုပ်သည် လျှောက်ထားသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဥက္ကဋ္ဌ ကိုယ်တိုင် သို့မဟုတ် ဥက္ကဋ္ဌ က အခွင့်အာဏာအပ်နှင်းထားသူ က လက်မှတ်ရေးထိုး ထားသော မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ် ထုတ်ပေးရမည် ။ မှတ်ပုံတင်အရာရှိချုပ်သည် ဤကဲ့သို့ ထုတ်ပေးသော မှတ်ပုံတင် လက်မှတ်များကို မှတ်ပုံတင်စာရင်း ရေးသွင်းရမည် ။

၅၉။ **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ။** အလုပ်သင်ကာလ ပြီးဆုံး၍ မှတ်ပုံတင် လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသို့ သက်ဆိုင်ရာမှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ၏ ထောက်ခံစာတင်ပြပြီး လျှောက်ထားလာသော အလုပ်သင်အင်ဂျင်နီယာအား မှတ်ပုံတင်လက်မှတ်စိစစ်ရေး လုပ်ငန်းကော်မတီက ခေါ်ယူ၍ လူတွေ့ ၊ စာတွေ့ စစ်ဆေးပြီး သတ်မှတ်အရည်အချင်း ပြည့်မီကြောင်းတွေ့ရှိရလျှင် မှတ်ပုံတင်အင်ဂျင် နီယာလက်မှတ်ထုတ်ပေးရန် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည် ။ ထို့အပြင် မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ်ရရှိပြီး သတ်မှတ်ကာလ (၄)နှစ်ပြည့်မြောက်ကာ ပြဋ္ဌာန်းထားသည့်သတ်မှတ်ချက်များ ပြည့်မီအောင် ဖြည့်ဆည်း နိုင်၍ သတ်မှတ်အရည်အချင်းပြည့်မီသော မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ အား မှတ်ပုံတင်အင်ဂျင်နီယာအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် မှတ်ပုံတင် လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသည် အလုပ်အမှုဆောင်အဖွဲ့သို့ထောက်ခံတင်ပြ ရမည် ။ အလုပ်အမှုဆောင်အဖွဲ့က သဘောတူညီလျှင် မှတ်ပုံတင်လက်မှတ်စိစစ်ရေး

လုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် မှတ်ပုံတင်အရာရှိချုပ်ထံ စာဖြင့် အကြောင်းကြားရမည် ။ မှတ်ပုံတင်အရာရှိချုပ်သည် လျှောက်ထားသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဥက္ကဋ္ဌ ကိုယ်တိုင် သို့မဟုတ် ဥက္ကဋ္ဌ က အခွင့်အာဏာအပ်နှင်းထားသူ က လက်မှတ်ရေးထိုးထားသော မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည် ။ မှတ်ပုံတင်အရာရှိချုပ်သည် ဤကဲ့သို့ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်များကို မှတ်ပုံတင်စာရင်း ရေးသွင်းရမည် ။

၆၀။ **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ။** မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိပြီး သတ်မှတ်ကာလ(၂)နှစ်ပြည့်မြောက်ကာ ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များ ပြည့်မီအောင်ဖြည့်ဆည်းနိုင်၍ သတ်မှတ်အရည်အချင်း ပြည့်မီသော မှတ်ပုံတင်အင်ဂျင်နီယာသည် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားလာလျှင် မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသည် သတ်မှတ်ထားသည့်လိုအပ်ချက်များ ပြည့်မီခြင်းရှိမရှိ စိစစ်ပြီး ဤကဲ့သို့ အဆင့်သတ်မှတ်ပေးရန် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည် ။ အလုပ်အမှုဆောင်အဖွဲ့ က သဘောတူညီလျှင် မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် မှတ်ပုံတင်အရာရှိချုပ်ထံ စာဖြင့် အကြောင်းကြားရမည် ။ မှတ်ပုံတင်အရာရှိချုပ်သည် လျှောက်ထားသူအား မှတ်ပုံတင်ကြေးနှင့်နှစ်စဉ်ကြေးပေးသွင်းစေလျက် ဥက္ကဋ္ဌ ကိုယ်တိုင် သို့မဟုတ် ဥက္ကဋ္ဌ က အခွင့်အာဏာအပ်နှင်းထားသူ က လက်မှတ်ရေးထိုးထားသော မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် ထုတ်ပေးရမည် ။ မှတ်ပုံတင်အရာရှိချုပ်သည် ဤကဲ့သို့ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်များကို မှတ်ပုံတင်စာရင်း ရေးသွင်းရမည် ။

၆၁။ **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်။** မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာအဖြစ် သတ်မှတ်ကာလ (၁)နှစ်ပြည့်မြောက်ကာ ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များ ပြည့်မီအောင်ဖြည့်ဆည်းနိုင်၍ သတ်မှတ်အရည်အချင်းပြည့်မီသော မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာသည် မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားလာလျှင် မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသည် သတ်မှတ်ထားသည့် လိုအပ်ချက်များပြည့်မီခြင်း ရှိမရှိ စိစစ်ပြီး ဤကဲ့သို့ အဆင့်သတ်မှတ်ပေးရန် အလုပ်အမှုဆောင်အဖွဲ့သို့ ထောက်ခံတင်ပြရမည် ။ အလုပ်အမှုဆောင်အဖွဲ့က သဘောတူညီလျှင် မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီသည် မှတ်ပုံလက်မှတ်ထုတ်ပေးရန် မှတ်ပုံတင်အရာရှိချုပ်ထံ စာဖြင့် အကြောင်းကြားရမည် ။ မှတ်ပုံတင်အရာရှိချုပ်သည် လျှောက်ထားသူအား မှတ်ပုံတင်

ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဥက္ကဋ္ဌ ကိုယ်တိုင် သို့မဟုတ် ဥက္ကဋ္ဌ က အခွင့်အာဏာအပ်နှင်းထားသူ က လက်မှတ်ရေးထိုးထားသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် ထုတ်ပေးရမည် ။ မှတ်ပုံတင်အရာရှိချုပ်သည် ဤကဲ့သို့ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်များကို မှတ်ပုံတင်စာရင်း ရေးသွင်းရမည် ။

**မှတ်ပုံတင်ကန့်သတ်လက်မှတ်များ**

၆၂။ **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ။** အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသော နိုင်ငံခြားသားအင်ဂျင်နီယာအား အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုးအစား ၊ အဆင့်အတန်း ၊ နေရာဒေသနှင့် အချိန်ကာလ ကန့်သတ်ဖော်ပြပြီး မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အကြောင်းကြားလျှင် မှတ်ပုံတင်အရာရှိချုပ်သည် လျှောက်ထားသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က အခွင့်အာဏာအပ်နှင်းထားသူ က လက်မှတ်ရေးထိုးထားသော မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ် ကို ထုတ်ပေးရမည် -

(က) မိမိနှင့် ပညာရပ်တူ နိုင်ငံခြားသား မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်တစ်ဦး၏ လက်အောက်တွင် အလုပ်လုပ်ရမည်၊ (သို့မဟုတ်)

(ခ) မြန်မာနိုင်ငံသားမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်တစ်ဦး၏ လက်အောက်တွင် အလုပ်လုပ်ရမည်၊

(ဂ) နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခွင့်နှင့်စပ်လျဉ်း၍ တည်ဆဲလူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေများ ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များ နှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) နိုင်ငံခြားသားများ၏ ဝင်ငွေပေါ်တွင် သတ်မှတ်ထားသော ပေးဆောင်ရမည့် ဝင်ငွေခွန်နှုန်းထားအတိုင်း ပေးဆောင်ရမည် ။

၆၃။ **မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်။** အင်ဂျင်နီယာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အာဆီယံအပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာအစီအမံများအရ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသော အာဆီယံ နိုင်ငံခြားသားမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်(ACPE)နှင့် အခြားနိုင်ငံအသိအမှတ်ပြု နိုင်ငံခြားသား အင်ဂျင်နီယာပညာရှင်များ(P.E)ကို အလုပ်အမှုဆောင်အဖွဲ့၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်သဘောတူညီချက်ဖြင့် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာပညာရပ် အမျိုး

အစား ၊ အဆင့်အတန်း ၊ နေရာဒေသနှင့် အချိန်ကာလ ကန့်သတ်ဖော်ပြပြီး မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် အကြောင်းကြားလျှင် မှတ်ပုံတင်အရာရှိချုပ်သည် လျှောက်ထားသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေး ပေးသွင်းစေလျက် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က အခွင့်အာဏာအပ်နှင်းထားသူ က လက်မှတ်ရေးထိုးထားသော မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်ကို ထုတ်ပေးရမည် -

(က) မြန်မာနိုင်ငံသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် တစ်ဦး နှင့် ပူးတွဲလုပ်ကိုင်ရမည်၊

(ခ) နိုင်ငံခြားသားများ ဝင်ရောက်နေထိုင်ခွင့်နှင့် စပ်လျဉ်း၍ တည်ဆဲလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်း ၊ အမိန့်ကြော်ငြာစာ ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဂ) နိုင်ငံခြားသားများ၏ ဝင်ငွေပေါ်တွင် သတ်မှတ်ထားသော ပေးဆောင်ရမည့် ဝင်ငွေခွန် နှုန်းထားအတိုင်း ပေးဆောင်ရမည် ။

## မှတ်ပုံတင်လက်မှတ်လျှောက်ထားသူများ၏ အရည်အချင်း

၆၄။ **မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူ။** ကောင်စီတွင် မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် လျှောက်ထားသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူသည် အောက်ပါလိုအပ်ချက်များကို ပြည့်မီအောင်ဖြည့်ဆည်းရမည် -

(က) **နည်းပညာကျွမ်းကျင်သူအဆင့်ဖွံ့ဖြိုးရေးအစီအစဉ် ( Technician Development Progranm -TechDP )သင်တန်း။** ဤသင်တန်းတွင် နည်းပညာဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး လျှောက်ထားသူအားလုံး အနည်းဆုံး(၂၀)နာရီပြည့်အောင် တက်ရောက်သင်ကြားရမည် ။ ဘာသာရပ်အသေးစိတ်နှင့် တက်ရောက်သင်ကြားရမည့် အသေးစိတ်စာရင်းကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ခ) **နည်းပညာကျွမ်းကျင်သူအဆင့် ဆန်းစစ်ချက် ရေးဖြေစာမေးပွဲ (Technician Assessment Written Examination-TechAWE) ။** လျှောက်ထားသည့် မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူအားလုံး (Tech AWE)စာမေးပွဲဖြေရမည် ။ TechAWE တွင် (Fundamental Technician-FTech)စာမေးပွဲနှင့် (Graduate Technician-GTech)စာမေးပွဲ နှစ်ပိုင်း ပါဝင်မည် ။ (Fundamental Technician) စာမေးပွဲအောင်မှသာ (Graduate Technician)စာမေးပွဲဖြေဆိုခွင့်

ရမည် ။ FTech စာမေးပွဲဖြေဆိုချိန်သည် နံနက်ပိုင်း(၂)နာရီနှင့်ညနေပိုင်း (၂)နာရီဖြစ်ပြီး GTech စာမေးပွဲဖြေဆိုချိန်သည် နံနက်ပိုင်း(၂)နာရီနှင့် ညနေပိုင်း(၂)နာရီ ဖြစ်သည် ။ စာမေးပွဲများတွင် ဖြေဆိုရမည့် ဘာသာရပ် အသေးစိတ်ကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ဂ) **နည်းပညာကျွမ်းကျင်သူအဆင့် အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှု အစီရင်ခံစာ (Technician Experiences and Competency Report-TechECR)။** လျှောက်ထားသည့် မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူများသည် (TechECR)ကို စာလုံးရေ (၂၀၀၀) မှ (၄၀၀၀) အတွင်း အင်္ဂလိပ်ဘာသာဖြင့်ရေးသားပြီး အစီရင်ခံစာစောင်ရေ(၅)စောင် တင်သွင်းရမည်။ အစီရင်ခံစာရေးသားရမည့်ပုံစံ(format)ကို သီးခြား ညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ဃ) **နည်းပညာကျွမ်းကျင်သူအဆင့် လူတွေ့စစ်ဆေးခြင်း (Technician Level Interview - Tech LI)။**မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ က ဖွဲ့စည်းပေးသော အဖွဲ့ဝင်အနည်းဆုံး(၃)ဦးပါဝင်သည့်အဖွဲ့၏ လူတွေ့ စစ်ဆေးမှုကို (TechAWE)ဖြေဆိုအောင်မြင်ပြီး (TechECR)ရေးသား တင်သွင်းပြီးသော မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူများ အားလုံးက ခံယူရမည် ။

၆၅။ **မှတ်ပုံတင်အင်ဂျင်နီယာ။** ကောင်စီတွင် မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် လျှောက်ထားသော အလုပ်သင်အင်ဂျင်နီယာသည် နည်းဥပဒေပုဒ်မ ၅၄ ပါ သတ်မှတ်ချက် အရည်အချင်းများ ပြည့်မီအောင် ဖြည့်ဆည်းရမည် ။ ကောင်စီတွင် မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် လျှောက်ထားသော မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူသည် အောက်ပါလိုအပ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းရမည် -

(က) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူအဆင့် ဖွံ့ဖြိုးရေးအစီအစဉ် (Graduate Technician Development Program – GtechDP) သင်တန်း။** ဤသင်တန်းတွင် အင်ဂျင်နီယာဘာသာရပ်များကိုဆွေးနွေးပို့ချမည်ဖြစ်ပြီး လျှောက်ထားသူအားလုံး အနည်းဆုံး (၃၀)နာရီပြည့်အောင် တက်ရောက် သင်ကြားရမည် ။ ဘာသာရပ်အသေးစိတ်နှင့် တက်ရောက်သင်ကြားရ မည့် အချိန်အသေးစိတ်စာရင်းကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ခ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူအဆင့် ဆန်းစစ်ချက် ရေးဖြေစာမေးပွဲ (Graduate Technician Assessment Written Examination -**

**GTechAWE)။** လျှောက်ထားသည့် မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူအားလုံး (GTechAWE)စာမေးပွဲဖြေရမည် ။ (GTechAWE)တွင် (Fundamental Engineering-FE)စာမေးပွဲနှင့် (Practising Graduate Technician-PGTech)စာမေးပွဲ ပါဝင်သည် ။ (FE)စာမေးပွဲ အောင်မြင်မှသာ (PGTech)စာမေးပွဲ ဖြေဆိုခွင့်ရမည် ။ (FE)စာမေးပွဲဖြေဆိုချိန်သည် နံနက်ပိုင်း(၂)နာရီနှင့် ညနေပိုင်း(၂)နာရီဖြစ်ပြီး (PGTech)စာမေးပွဲဖြေဆိုချိန်သည် နံနက်ပိုင်း(၂)နာရီနှင့် ညနေပိုင်း(၂)နာရီ ဖြစ်သည် ။ စာမေးပွဲတွင် ဖြေဆိုရမည့် ဘာသာရပ်အသေးစိတ်ကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ဂ) **ဘွဲ့ရနည်းပညာကျွမ်းကျင်သူအဆင့် အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှု အစီရင်ခံစာ (Graduate Technician Experiences and Competency Report-GTechECR)။** လျှောက်ထားသည့် မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူများသည် GTechECR ကို စာလုံးရေ (၂၀၀၀)မှ(၄၀၀၀)အတွင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြီး အစီရင်ခံစာ စောင်ရေ (၅)စောင် တင်သွင်းရမည် ။ အစီရင်ခံစာ ရေးသားရမည့် ပုံစံ (format) ကို သီးခြား ညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ဃ) **ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူအဆင့် လူတွေ့စစ်ဆေးခြင်း (Graduate Technician Level Interview - GTechLI)။** မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသော အဖွဲ့ဝင် အနည်းဆုံး (၃)ဦး ပါဝင်သည့်အဖွဲ့၏ လူတွေ့စစ်ဆေးမှုကို (GTechAWE) ဖြေဆိုအောင်မြင်ပြီး (GTechECR)ရေးသားတင်သွင်းပြီးသော မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူများ အားလုံးက ခံယူရမည် ။

၆၆။ **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ။** ကောင်စီတွင် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် လျှောက်ထားသော မှတ်ပုံတင်အင်ဂျင်နီယာသည် အောက်ပါလိုအပ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းရမည် -

(က) **အင်ဂျင်နီယာအဆင့် ဖွံ့ဖြိုးရေးအစီအစဉ် (Engineer Development Program-EDP)သင်တန်း။** ဤသင်တန်းတွင် အင်ဂျင်နီယာဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး လျှောက်ထားသူအားလုံး အနည်းဆုံး (၃၀)နာရီပြည့်အောင် တက်ရောက်သင်ကြားရမည် ။ ဘာသာရပ်

အသေးစိတ်နှင့် တက်ရောက် သင်ကြားရမည့် အချိန်အသေးစိတ်စာရင်းကို သီးခြား ညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ခ) **အင်ဂျင်နီယာအဆင့် ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ (Engineer Assessment Written Examination - EAWE)။** လျှောက်ထားသည့် မှတ်ပုံတင်အင်ဂျင်နီယာအားလုံး (EAWE) ဖြေရမည်။ EAWE တွင် (Fundamental Engineering-FE) စာမေးပွဲနှင့် (Practising Engineering-Prac.E)စာမေးပွဲ နှစ်ပိုင်း ပါဝင်သည် ။ (FE)စာမေးပွဲ အောင်မြင်မှ (Prac.E)ဖြေဆိုခွင့် ရမည် ။ (FE)စာမေးပွဲ ဖြေဆိုချိန်သည် နံနက်ပိုင်း(၂)နာရီနှင့် ညနေပိုင်း(၂)နာရီဖြစ်ပြီး (Prac.E)စာမေးပွဲ ဖြေဆိုချိန်သည် နံနက်ပိုင်း(၂)နာရီနှင့် ညနေပိုင်း(၂)နာရီ ဖြစ်သည် ။ ဖြေဆိုရမည့် ဘာသာရပ်အသေးစိတ်ကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ဂ) **အင်ဂျင်နီယာအဆင့် အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှု အစီရင်ခံစာ (Engineer Experiencesand Competency Report-EECR)။** လျှောက်ထားသည့် မှတ်ပုံတင်အင်ဂျင်နီယများသည် (EECR) ရေးသားတင်သွင်းရမည်။ EECR ကို စာလုံးရေ ၂၀၀၀ မှ ၄၀၀၀ အတွင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြီး အစီရင်ခံ စာစောင်ရေ ၅စောင် တင်သွင်းရမည်။ အစီရင်ခံစာ ရေးသွင်း ရမည့်ပုံစံ (format) ကို သီးခြား ညွှန်ကြား လွှာတွင် ဖော်ပြမည်။

(ဃ) **အင်ဂျင်နီယာအဆင့်လူတွေ့စစ်ဆေးခြင်း (Engineer Level Interview-ELI) ။** မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသော အဖွဲ့ဝင် အနည်းဆုံး(၃)ဦး ပါဝင်သည့်အဖွဲ့၏ လူတွေ့စစ်ဆေးမှုကို (EAWE)ဖြေဆို အောင်မြင်ပြီးပြီးသော မှတ်ပုံတင်အင်ဂျင်နီယာအားလုံးက ခံယူရမည် ။

၆၇။ **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်။** ကောင်စီတွင် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် လျှောက်ထားသော မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာသည် အောက်ပါ လိုအပ်ချက်များကို ပြည့်မီအောင် ဖြည့်ဆည်းရမည် -

(က) **ပညာရှင်အဆင့် ဖွံ့ဖြိုးရေးအစီအစဉ် (Professional Development Program-PDP)သင်တန်း။** ဤသင်တန်းတွင် အင်ဂျင်နီယာ ဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး လျှောက်ထားသူအားလုံး အနည်းဆုံး

(၃၀)နာရီ ပြည့်အောင်တက်ရောက် သင်ကြားရမည် ။ ဘာသာရပ်အသေးစိတ်နှင့် တက်ရောက်သင်ကြားရမည့် အချိန်အသေးစိတ်ကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ခ) **ပညာရှင်အဆင့် ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ (Professional Assessment Written Examination-PAWE)။** လျှောက်ထားသည့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာအားလုံး (PAWE)ဖြေဆိုရမည် ။ PAWE တွင် (Fundamental Engineering-FE) စာမေးပွဲနှင့် (Professional Engineering-PE)စာမေးပွဲ နှစ်ပိုင်း ပါဝင်သည် ။ (FE) စာမေးပွဲ အောင်မြင်မှ (PE)စာမေးပွဲ ဖြေဆိုခွင့် ရမည် ။ (FE)စာမေးပွဲ ဖြေဆိုချိန်သည် နံနက်ပိုင်း(၂)နာရီနှင့် ညနေပိုင်း(၂)နာရီဖြစ်ပြီး (PE) စာမေးပွဲ ဖြေဆိုချိန်သည် နံနက်ပိုင်း(၂)နာရီနှင့် ညနေပိုင်း(၂)နာရီ ဖြစ်သည် ။ စာမေးပွဲတွင် ဖြေဆိုရမည့် ဘာသာရပ်အသေးစိတ်ကို သီးခြား ညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ဂ) **ပညာရှင်အဆင့်အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှုအစီရင်ခံစာ (Professional Experiences and Competency Report-PECR)။** လျှောက်ထားသည့် မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာများသည်(PECR) ကို စာလုံးရေ (၂၀၀၀)မှ (၄၀၀၀)အတွင်း အင်္ဂလိပ်ဘာသာဖြင့်ရေးသား၍ အစီရင်ခံစာ စောင်ရေ (၅)စောင် တင်သွင်းရမည် ။ အစီရင်ခံစာ ရေးသားရမည့်ပုံစံ(format)ကို သီးခြားညွှန်ကြားလွှာတွင် ဖော်ပြမည် ။

(ဃ) **ပညာရှင်အဆင့်လူတွေ့စစ်ဆေးခြင်း (Professional Interview -PI) ။** မှတ်ပုံတင်လက်မှတ်စိစစ်ဆေးရေးလုပ်ငန်းကော်မတီက ဖွဲ့စည်းပေးသော အဖွဲ့ဝင် အနည်းဆုံး(၃)ဦးပါဝင်သည့် အဖွဲ့၏ လူတွေ့စစ်ဆေးမှုကို (PAWE) ဖြေဆိုအောင်မြင်ပြီး (PECR) ရေးသားတင်သွင်းပြီးသော မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ အားလုံးက ခံယူရမည်။

## ကင်းလွတ်ခွင့်

၆၈။ မှတ်ပုံတင်လက်မှတ် လျှောက်ထားသောသူများ၏ အရည်အချင်းနှင့်စပ်လျဉ်း၍ နည်းဥပဒေ ပုဒ်မ ၆၄ မှ နည်းဥပဒေ ပုဒ်မ ၆၇ ထိ သတ်မှတ်ချက်များကို အထူးကိစ္စ တစ်ရပ်အနေနှင့် လျှော့ပေါ့(ဖြေလျှော့)ပေးရန် မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်း ကော်မတီက အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြလာပါက အလုပ်အမှုဆောင်အဖွဲ့သည်

ကောင်စီ၏ နာယကအဖွဲ့သို့ ဆက်လက်တင်ပြရမည် ။ ကောင်စီ၏ နာယကအဖွဲ့သည် အလုပ်အမှုဆောင်အဖွဲ့နှင့် ညှိနှိုင်း တိုင်ပင်ကာ လျှော့ပေါ့ခွင့်ပြုလိုက ခွင့်ပြုနိုင်သည် ။

## မှတ်ပုံတင်ကာလ

၆၉။ မှတ်ပုံတင်လက်မှတ်များ၏ မှတ်ပုံတင်ကာလသည် (၂)နှစ် ဖြစ်သည် ။

## မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်း

၇၀။ မှတ်ပုံတင်လက်မှတ်ရသူများသည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း(၆၀) ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည် ။ မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီက သက်တမ်းတိုးမြှင့်ပေးရန် သဘောတူပါက နှစ်စဉ်ကြေးပေးသွင်းစေလျက် မှတ်ပုံတင် သက်တမ်းတိုးမြှင့်ပေးရမည် ။ သတ်မှတ်ကာလထက်ကျော်လွန်ပြီး သက်တမ်းတိုးမြှင့်ရန် လျှောက်ထားလာလျှင် သက်တမ်းတိုးမြှင့်ပေးရန် သဘောတူညီခြင်းခံရပါက နှစ်စဉ်ကြေးအပြင် ရက်လွန်ကြေးကိုပါ ပေးသွင်းရမည် ။ မှတ်ပုံတင်ကြေး ၊ နှစ်စဉ်ကြေးနှင့် ရက်လွန်ကြေးတို့ကို နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသည် ။

## မှတ်ပုံတင် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း

၇၁။ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီသည် -

(က) အောက်ပါအကြောင်းအချက်တစ်ရပ်ရပ် စိစစ်တွေ့ရှိရလျှင် အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်နိုင်သည် -

(၁) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်မှုကြောင့် ထောင်ဒဏ် ချမှတ်ခံရခြင်း ၊

(၂) ကိုယ်ကျင့်တရားပျက်ယွင်းသည်ဟု ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးလုပ်ငန်းကော်မတီ သို့မဟုတ် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီက စစ်ဆေး တွေ့ရှိ ခြင်း ၊

(၃) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း ၊ သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့် ဖြစ်စေ ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ဖြစ်စေ မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူ ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်စွမ်းမရှိခြင်း ၊

(ခ) ဤကဲ့သို့ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းခံရသူ၏ အမည်နှင့် ကိုယ်ရေးအချက်အလက်များအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန် မှတ်ပုံတင်အရာရှိချုပ်သို့ စာဖြင့် အကြောင်းကြားရမည်။

**အယူခံခြင်း**

၇၂။ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းခံရသူသည် မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်း ကော်မတီနှင့် အလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ဤကဲ့သို့ ဆုံးဖြတ်သည့်နေ့မှ ရက်ပေါင်း (၆၀)အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည် ။

၇၃။ ကောင်စီသည် နည်းဥပဒေပုဒ်မ ၇၂ အရ အယူခံမှုတွင် အလုပ်အမှုဆောင်အဖွဲ့၏ ပြစ်ဒဏ် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း ၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည် ။

## အခန်း(၉)

## မှတ်ပုံတင်လက်မှတ်ရသူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၇၄။ ကောင်စီဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ် ရသူများသည် ဤနည်းဥပဒေများ ၊ ကောင်စီဥပဒေအရ ထုတ်ပြန်ထားသော အခြားလုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည် ။

၇၅။ ကောင်စီက သတ်မှတ်သည့် အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ ၊ နည်းပညာကျွမ်း ကျင်သူများ၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာ စောင့်ထိန်းရမည်။

၇၆။ မိမိပညာရပ်နှင့် သက်ဆိုင်သော သတ်မှတ်ထားသည့် အင်ဂျင်နီယာပညာနှင့် နည်းပညာလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တရားဝင် လုပ်ကိုင်ခွင့် ရှိသည် ။

၇၇။ မှတ်ပုံတင်လက်မှတ်ရထားသော နည်းပညာကျွမ်းကျင်သူ ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် အင်ဂျင်နီယာများသည် မိမိအမည်နှင့် ယှဉ်တွဲ အသုံးပြုနိုင်သော အခေါ်အဝေါ်များကို အောက်ပါ အတိုင်းသုံးစွဲခွင့်ရှိသည် -

(က) **မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်။** မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် ကောင်စီက အသိအမှတ်ပြုထားသည့် ကာလအတွင်း အမည်နောက်တွင် (R.Tech.)ဟု တပ်ဆင်သုံးစွဲခွင့်ရှိသည် ။

(ခ) **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ်။** မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် ကောင်စီက အသိအမှတ်ပြုထားသည့် ကာလအတွင်း အမည်နောက်တွင် (R.G.Tech.) ဟု တပ်ဆင်သုံးစွဲခွင့် ရှိသည် ။

(ဂ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်။** မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် ရရှိထားသူသည် ကောင်စီက အသိအမှတ်ပြုထားသည့် ကာလအတွင်း အမည်ရှေ့တွင် (Engr.)ဟူ၍ လည်းကောင်း၊ အမည်နောက်တွင် (R.E.) ဟူ၍ လည်းကောင်း တပ်ဆင် သုံးစွဲ ခွင့်ရှိသည် ။

(ဃ) **မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်။** မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ လက်မှတ်ရရှိထားသူသည် ကောင်စီက အသိအမှတ်ပြုထားသည့်ကာလအတွင်း အမည်ရှေ့တွင်(Engr.)ဟူ၍ လည်းကောင်း ၊ အမည်နောက်တွင်(R.S.E.)ဟူ၍လည်းကောင်း တပ်ဆင်သုံးစွဲခွင့်ရှိသည် ။

(င) **မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်။** မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ် ရရှိထားသူသည် ကောင်စီက အသိအမှတ်ပြုထားသည့် ကာလအတွင်း အမည်ရှေ့တွင် (Engr.) ဟူ၍ လည်းကောင်း ၊ အမည်နောက်တွင် (P.E.)ဟူ၍ လည်းကောင်း ၊ တပ်ဆင်သုံးစွဲခွင့်ရှိသည် ။

၇၈။ မှတ်ပုံတင်လက်မှတ်ရသူများသည် ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင် စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

၇၉။ မှတ်ပုံတင်လက်မှတ်ရသူများသည် မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကို လည်း ရယူခွင့်ရှိသည်။

၈၀။ မှတ်ပုံတင်လက်မှတ်ရသူများသည် ပုဒ်မ ၇၄ မှ ပုဒ်မ ၇၉ အထိ အကျုံးဝင်သော တာဝန်နှင့် ရပိုင်ခွင့်များအပြင် သက်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာရမည် ။

၈၁။ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များသည် ကောင်စီက သတ်မှတ်သည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည် ။

## အခန်း(၁၀)
## စည်းကမ်းထိန်းသိမ်းရေး

### စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

၈၂။ ဤဥပဒေနှင့်အညီ ကောင်စီ၏ မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်ထားသော အင်ဂျင်နီယာ ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ ၊ နည်းပညာကျွမ်းကျင်သူနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာကုမ္ပဏီများ ၊ အဖွဲ့အစည်းများ၏ စည်းကမ်းထိန်းသိမ်းရေးသည် ကောင်စီတစ်ခုလုံး၏ တာဝန်ဖြစ်သည် ။ ကောင်စီသည် အဆိုပါ စည်းကမ်းထိန်းသိမ်းရေးတာဝန်ကို ပီပီပြင်ပြင် ဆောင်ရွက်နိုင်ရန်အတွက် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီကို တာဝန်ပေးအပ်ရမည် ။

### စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်

၈၃။ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ် ရရှိသူ တစ်ဦးဦးက ကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော် လည်းကောင်း ၊ ဤနည်းဥပဒေ ၊ အမိန့်နှင့် ညွှန်ကြားချက်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုသော် လည်းကောင်း ၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုသော် လည်းကောင်း ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိရလျှင် တွေ့ရှိချက်ကို အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၈၄။ အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) **သတိပေးခြင်း**

(၁) နှုတ်ဖြင့် သတိပေးခြင်း ၊

(၂) စာဖြင့် သတိပေးခြင်း ။

(ခ) **သတ်မှတ်ထားသော ဒဏ်ကြေးငွေပေးဆောင်စေခြင်း**

နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း ။

(ဂ) **(၁)နှစ်ထက်မများသောကာလအတွက် မှတ်ပုံတင်လက်မှတ်ရပ်ဆိုင်းခြင်း**

(၁) နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(၂) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း ။

(ဃ) **မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်း**

(၁) နည်းဥပဒေနှင့် အမိန့်ညွှန်ကြားချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၂) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(၃) သက်ဆိုင်ရာ ကျင့်ဝတ်နှင့်သိက္ခာများကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ခြင်း ။

၈၅။ **ပြစ်ဒဏ်ခံရသူ၏ အခွင့်အရေးများ**

(က) စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ချက် တစ်ခုခုကြောင့် ကောင်စီ၏ အရေးယူခြင်းခံရသူသည် ပြစ်ချက်နှင့် ပတ်သက်၍ လုံလောက်သော ရှင်းလင်းချေပခွင့် ရှိသည်၊

(ခ) သက်ဆိုင်ရာ စုံစမ်းမှုကို အရေးယူခံရသူ၏ ရှေ့မှောက်တွင် စစ်ဆေး ကြားနာစေခွင့်ရှိသည်၊

(ဂ) အရေးယူခံရသူအပေါ် တင်ထားသော စွဲချက်ကို လုံလောက်သော အချိန်အတွင်း စာဖြင့် ရှင်းလင်းချေပခွင့် ရှိသည်၊

(ဃ) နှုတ်ဖြင့် စစ်ဆေးခံလိုလျှင်လည်း စစ်ဆေးခံနိုင်ခွင့်ရှိသည်၊ ကိုယ်တိုင် သက်သေအဖြစ်လည်း အစစ်ဆေးခံနိုင်ခွင့်ရှိသည်၊ သက်သေများကိုလည်း ပြန်လည်စစ်မေးခွင့် ရှိသည်၊

(င) အရေးယူခံရသူသည် မိမိအား ကူညီရန် ကျွမ်းကျင်မှု အကူအညီပေးနိုင်သူ သို့မဟုတ် မိတ်ဆွေအား လိုက်ပါ ဆောင်ရွက်ရန် အကူအညီ တောင်းခံပိုင်ခွင့်ရှိသည် ။

## တိုင်ကြားခြင်း

၈၆။ မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ သို့မဟုတ် မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူ သို့မဟုတ် မှတ်ပုံတင်အင်ဂျင်နီယာသို့မဟုတ် အင်ဂျင်နီယာလုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီတစ်ခုခုအပေါ် တိုင်ကြားလိုသူ မည်သူမဆို ကောင်စီ၏

မှတ်ပုံတင်အရာရှိချုပ်ထံစာဖြင့် ရေးသားတိုင်ကြားနိုင်သည် ။ ထိုအခါ မှတ်ပုံတင်အရာရှိချုပ်က အဆိုပါ ကိစ္စကို အလုပ်အမှုဆောင်အဖွဲ့သို့ ဆက်လက် တင်ပြရမည် ။

၈၇။ တိုင်ကြားစာလက်ခံရရှိသော အလုပ်အမှုဆောင်အဖွဲ့က တိုင်ကြားစာတွင် လုံလောက်သော အကြောင်းပြချက် ပါရှိနိုင်သည်ဟု ယုံကြည်လျှင် အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးရန် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီအား လွှဲပြောင်းတာဝန်ပေးအပ်ရမည်။

၈၈။ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သူ တစ်ဦးဦး သို့မဟုတ် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကုမ္ပဏီ တစ်ခုခု၏ စည်းကမ်း ဖောက်ဖျက်မှုအတွက် စုံစမ်းစစ်ဆေးရန် မိမိအဖွဲ့ဝင်များ အနက်မှ အဖွဲ့ဝင် ၃ ဦး ပါဝင်သော စုံစမ်းစစ်ဆေးရေး ခုံရုံး ဖွဲ့စည်းဆောင်ရွက် ရမည် ။

## စုံစမ်းစစ်ဆေးခြင်း

၈၉။ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီက ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးခုံရုံး၏ စုံစမ်းစစ်ဆေးမှုများ မစတင်မီ မှတ်ပုံတင်အရာရှိချုပ် သည် တိုင်ကြားခံရသော မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူ သို့မဟုတ် မှတ်ပုံတင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် မှတ်ပုံတင် အင်ဂျင်နီယာ သို့မဟုတ် အင်ဂျင်နီယာလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီထံသို့ ၎င်းအား တိုင်ကြားထားသော အကြောင်းအရာများဖော်ပြထားသော စာရေးသား၍ အသိပေးကာ ၎င်းတို့ထံမှ တိုင်ကြားချက်နှင့် စပ်လျဉ်းသော ဖြေရှင်းစာကို အသိပေးအကြောင်းကြားစာ လက်ခံရရှိသည့် နေ့မှ ၁၄ ရက်အတွင်း ပြန်လည်ပေးပို့ ဖြေရှင်းရန် သို့မဟုတ် လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီသို့ လူကိုယ်တိုင် လာရောက် ဖြေရှင်းတင်ပြရန် အကြောင်းကြားရမည်။

၉၀။ တိုင်ကြားခံရသူ၏ ပြန်လည်ဖြေရှင်းချက်ကို ဖတ်ရှုကြားနာပြီးဖြစ်၍ တိုင်ကြားခံရသူဘက်မှ လုံလောက်သော ခုခံချေပခွင့်ရရှိပြီး ဖြစ်သည်ဟု ယုံကြည်ရလောက်သည့် အထက်နည်းဥပဒေ ပုဒ်မ ၈၉ ပါ သတ်မှတ်ရက် ကျော်လွန်ပြီးမှ စုံစမ်းစစ်ဆေးရေးခုံရုံး၏ စုံစမ်းစစ်ဆေးခြင်း စတင်ရမည် ။

၉၁။ စုံစမ်းစစ်ဆေးရေးခုံရုံးသည် တရားဝင်စုံစမ်းစစ်ဆေးရန်အတွက် မည်သူ့ကိုမဆို-

(က) စုံစမ်းစစ်ဆေးရေးခုံရုံး ရှေ့မှောက်တွင် လူကိုယ်တိုင်လာရောက် စစ်ဆေးခံရန်သော်လည်းကောင်း ၊

(ခ) ထိုသူ၏ လက်ဝယ်တွင်ရှိပြီး စုံစမ်းစစ်ဆေးနေသော အမှုကိစ္စနှင့် ဆက်စပ်ပတ်သက်သည့် စာရင်းစာအုပ်များ ၊ စာရွက်စာတမ်းများနှင့် အခြားသက်သေခံ အထောက်အထားများကို ခုံရုံးတွင် လာရောက်တင်ပြရန် သော်လည်းကောင်း၊

ဆင့်ခေါ်ခွင့် ရှိရမည် ။

၉၂။ မည်သူမဆို တရားဥပဒေနှင့်ညီသော ကင်းလွတ်ခွင့်မရရှိဘဲ စုံစမ်းစစ်ဆေးရေး ခုံရုံး၏ လိုလားချက်ကို ငြင်းပယ်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ခုံရုံးတွင် ဖြေဆိုရန် ငြင်းဆန်ခြင်း သို့မဟုတ် ခုံရုံး၏ မေးခွန်းတစ်စုံတစ်ရာကို မမှန်မကန် လိမ်လည်ဖြေဆိုခြင်းတို့ ကျူးလွန်လျှင် ပြစ်မှုမြောက်သဖြင့် သတ်မှတ်ထားသော ဒဏ်ကြေးငွေကိုဖြစ်စေ ၊ (၆)လထက် မကျော်သော ထောင်ဒဏ်ဖြစ်စေ ၊ ပြစ်ဒဏ် နှစ်ရပ်ပေါင်းဖြစ်စေ ကျခံရမည် ။

၉၃။ စုံစမ်းစစ်ဆေးရေး ခုံရုံးရှေ့မှောက်တွင် သက်သေထွက်ဆိုသူ မည်သူမဆို ဥပဒေ၏ နှောင်ဖွဲ့မှုအရ အမှန်တရားအတိုင်း ထွက်ဆိုရမည်။

၉၄။ စုံစမ်းစစ်ဆေးရေး ခုံရုံးရှေ့မှောက်တွင် သက်သေထွက်ဆိုသူ မည်သူမဆိုသည် တရားရုံးတစ်ခုခုတွင် ထွက်ဆို သည့်အလား၊ အလားတူ အခွင့်အရေးနှင့် တရားဥပဒေ၏ အကာအကွယ်များရရှိရမည်။

၉၅။ စုံစမ်းစစ်ဆေးရေးခုံရုံးအား ဥပဒေအကြံပေးရန်အတွက် ကောင်စီသည် ကောင်စီ၏ ရန်ပုံငွေမှ ကျခံပြီး ရှေ့နေတစ်ဦး ငှားခွင့်ရှိသည်။

၉၆။ စုံစမ်းစစ်ဆေးရေး ခုံရုံးသည် စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီက သီးခြား ခွင့်ပြု ချက် မရှိလျှင် ၎င်း၏ စုံစမ်းစစ်ဆေးမှုကို စုံစမ်းစစ်ဆေးမှု စတင်သည့် နေ့မှ ၆လ အတွင်း ပြီးပြတ် အောင် ဆောင်ရွက်ရမည်။

**စီရင်ဆုံးဖြတ်ခြင်း**

၉၇။ စုံစမ်းစစ်ဆေးရေးခုံရုံးသည် စုံစမ်းစစ်ဆေးမှု ပြီးဆုံးသည့်အခါ ၎င်း၏ တွေ့ရှိချက်များနှင့် ထင်မြင်ယူဆချက်များ ပါဝင်သော ခုံရုံး၏ အစီရင်ခံစာကို စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီသို့ တင်သွင်းရမည်။ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီသည် အစီရင်ခံစာအရ -

(က) တိုင်ကြားချက်သည် အခြေအမြစ်မရှိသော စွပ်စွဲချက် ဖြစ်သည်ဟု ယုံကြည်ယူဆလျှင် တိုင်ကြားစာကို ပလပ်နိုင်သည်၊

(ခ) တိုင်ကြားချက်တွင် ခိုင်လုံသော သက်သေအထောက်အထားများ ပါဝင်ကြောင်း တွေ့ရှိရလျှင် စုံစမ်းစစ်ဆေးရေး ခုံရုံး၏ အစီရင်ခံစာကို စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၏ အကြံပြုချက်နှင့်တကွ အလုပ်အမှုဆောင်အဖွဲ့သို့ တင်သွင်း ရမည်။

၉၈။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်ကြားခံရသူတွင် အပြစ်ရှိသည်ဟု ဆုံးဖြတ်လျှင် အောက်ပါ ပြစ်ဒဏ် တစ်မျိုးမျိုး ချမှတ်နိုင်သည် -

(က) တိုင်ကြားခံရသူ၏ အမည်အား ကောင်စီ၏ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရန် မှတ်ပုံတင်အရာရှိချုပ်အား ညွှန်ကြားခြင်း၊

(ခ) တိုင်ကြားခံရသူအား (၂) နှစ် ထက်မပိုသော ကာလအတွက် အင်ဂျင်နီယာလုပ်ငန်း လုပ်ဆောင်ခွင့် ပိတ်ပင်ခြင်း၊

(ဂ) တိုင်ကြားခံရသူအား ကျပ်ငွေ ၅၀၀,၀၀၀ ထက်မပိုသော ဒဏ်ငွေ ချမှတ်ခြင်း၊

(ဃ) တိုင်ကြားခံရသူအား စာဖြင့် ပြင်းထန်စွာ ပြစ်တင် သတိပေးခြင်း၊

(င) အလုပ်အမှုဆောင်အဖွဲ့က သင့်တော်သည်ဟု ယူဆသော အခြားပြစ်ဒဏ်များ ချမှတ်ခြင်း ။

၉၉။ မှတ်ပုံတင်အရာရှိချုပ်သည် အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သော စီရင်ဆုံးဖြတ်ချက်ကို တိုင်ကြားခံရသူထံ စာဖြင့် ရေးသားပေးပို့ရမည်။

## အယူခံခြင်း

၁၀၀။ အလုပ်အမှုဆောင်အဖွဲ့က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ် (သို့မဟုတ်) ဆုံးဖြတ်ချက်ကို ကျေနပ်ခြင်းမရှိလျှင် ပြစ်ဒဏ်ချမှတ်ခံရသူသည် စီရင်ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှ ရက်ပေါင်း၆၀အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၁၀၁။ ကောင်စီသည် အယူခံလွှာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း၃၀ အတွင်း ကောင်စီအထူး အစည်းအဝေး ခေါ်ယူကာ အောက်ပါဆုံးဖြတ်ချက် တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(က) အတည်ပြုခြင်း၊

(ခ) ပြင်ဆင်ခြင်း၊

(ဂ) ပယ်ဖျက်ခြင်း ။

# အခန်း(၁၁)

# တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၁၀၂။ ကောင်စီဥပဒေ ပုဒ်မ ၃၇ ပါ တားမြစ်ချက်သည် အောက်ပါ အင်ဂျင်နီယာဆိုင်ရာ အသေးစားလုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(က) **မြို့ပြအင်ဂျင်နီယာလုပ်ငန်းများ**

(၁) ပန်းဆွဲအထိ အမြင့်(၆)မီတာထက် မမြင့် ၊ ကြမ်းခင်းဧရိယာ (၁၀၀) စတုရန်းမီတာထက် မကျယ်သော (စာသင်ကျောင်း ၊ ဆေးရုံ ၊ ရုပ်ရှင်ရုံ ၊ အားကစားရုံ ၊ မြို့တော်ခန်းမ ၊ ကုန်တိုက်ကြီးများ စသည်ကဲ့သို့) အများပြည်သူသုံး အဆောက်အအုံ မဟုတ်သည့် သာမန်လူနေ အဆောက်အအုံများ ၊

(၂) လမ်းမကြီးအဆင့် မဝင်သော သာမန်မြေလမ်း ၊ ကျောက်ကြမ်း လမ်းနှင့် ကျောက်ချောလမ်းများ ၊

(၃) ခန်းပွင့် (၆) မီတာ တစ်ခန်း နှင့် ခံနိုင်ဝန် (၁၂)တန် ထက် မများသော သစ်သား၊ သံမဏိနှင့်သံကူကွန်ကရစ် တံတားများ ၊

(၄) အမြင့် (၆) မီတာထက် မပိုသော မြေသားတာတမံများ ၊

(၅) သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့်စည်ပင်သာယာရေးကော်မတီ များက တားမြစ်ထားခြင်းမရှိသော မြို့ပြလုပ်ငန်း ငယ်များ ။

(ခ) **စက်မှုအင်ဂျင်နီယာလုပ်ငန်းများ**

(၁) 100 KW အောက် အသေးစားအပူပေးစက်၊ လေဝင်လေထွက် စက်နှင့် လေအေးပေးစက်တပ်ဆင်ခြင်း လုပ်ငန်းများ ၊

(၂) 100 KW အောက် အသေးစားစက်မှုအလုပ်ရုံလုပ်ငန်းများ ၊

(၃) 100 KW အောက် အသေးစားသံထည်နှင့် သတ္တုလုပ်ငန်းများ ၊

(၄) 25HP အောက် စက်၊ ယာဉ်နှင့် ယန္တရားတည်ဆောက်ခြင်းလုပ်ငန်း ၊

(၅) 20 HP အောက် အသေးစား စက်တပ်ရေယာဉ် တည်ဆောက်ခြင်း လုပ်ငန်းများ ၊

(၆) ၂တန် အောက် ဘွိုင်လာ ပြုပြင်ခြင်းလုပ်ငန်းများ ၊

(၇) သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် အစိုးရအဖွဲ့အစည်း များက တားမြစ်ထားခြင်းမရှိသော စက်မှုလုပ်ငန်းငယ်များ ။

(ဂ) **လျှပ်စစ်စွမ်းအား အင်ဂျင်နီယာလုပ်ငန်းများ**

(၁) 50 KW, 400 Volt အောက် အသေးစားမော်တာပြုပြင်ခြင်း လုပ်ငန်းများ ၊

(၂) 400 Volt အောက် အားသုံးအိမ်တွင်း လျှပ်စစ်တပ်ဆင်ရေး လုပ်ငန်းများ ၊

(၃) 50KVA အောက် ထရန်စဖော်မာ ပြုပြင်ခြင်းနှင့် လုပ်ငန်းခွင်တွင် တပ်ဆင်ခြင်း လုပ်ငန်းများ ၊

(၄) 400 Volt အောက် လျှပ်စစ်ဓါတ်အားလိုင်း တပ်ဆင်ပြုပြင်ခြင်း လုပ်ငန်းများ ၊

(၅) သက်ဆိုင်ရာဒေသ အာဏာပိုင်များနှင့် အစိုးရအဖွဲ့အစည်းများက တားမြစ်ထားခြင်းမရှိသော လျှပ်စစ်လုပ်ငန်းငယ်များ ။

၁၀၃။ မှတ်ပုံတင်အင်ဂျင်နီယာ ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူတို့သည် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် (သို့မဟုတ်) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ တစ်ဦးဦး၏ ကွပ်ကဲမှုဖြင့်သာ အင်ဂျင်နီယာလုပ်ငန်း များ လုပ်ကိုင်ခွင့်ရှိသည် ။

၁၀၄။ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာသည် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်၏ ကွပ်ကဲမှု မပါဘဲ ဤနည်းဥပဒေက ကန့်သတ်ခွင့်ပြုထားသော အောက်ပါအင်ဂျင်နီယာ လုပ်ငန်းများကို ဒီဇိုင်းတွက်ချက်ခြင်း ၊ ပုံစံများတွင် လက်မှတ်ရေးထိုးခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်သည် -

(က) **မြို့ပြအင်ဂျင်နီယာလုပ်ငန်းများ**

(၁) ပန်းဆွဲအထိ အမြင့်(၂၈)မီတာထက်မမြင့် ၊ ကြမ်းခင်းဧရိယာ(၁၀၀၀) စတုရန်းမီတာထက် မကျယ်သော (စာသင်ကျောင်း ၊ ဆေးရုံ ၊ ရုပ်ရှင်ရုံ ၊ အားကစားရုံ ၊ မြို့တော်ခန်းမ ၊ ကုန်တိုက်ကြီးများ စသည်ကဲ့သို့) အများပြည်သူသုံး အဆောက်အအုံ မဟုတ်သည့် သာမန်လူနေ အဆောက်အအုံများ ၊

(၂) ခံနိုင်ဝန် (၁၃) တန်အောက် နှစ်လမ်းသွား ကတ္တရာနှင့် ကွန်ကရစ် လမ်းများ ၊

(၃) ခန်းပွင့် (၂၀) မီတာအောက် နှင့် ခံနိုင်ဝန် တန်(၄၀)အောက် သံမဏိနှင့် သံကူကွန်ကရစ် တံတားများ ၊

(၄) အမြင့် (၃၀)မီတာ အောက် မြေသားတာတမံများ ။

(ခ) **စက်မှုအင်ဂျင်နီယာလုပ်ငန်းများ**

(၁) 2000 KW အောက် အလတ်စားအပူပေးစက် ၊ လေဝင်လေထွက် စက်နှင့် လေအေးပေးစက် တပ်ဆင်ခြင်းလုပ်ငန်းများ ၊

(၂) 2000 KW အောက် အသုံးပြုသော အလတ်စား စက်မှုအလုပ်ရုံ လုပ်ငန်းများ၊

(၃) 2000 KW အောက် အသုံးပြုသော အလတ်စားသံထည်နှင့် သတ္တုလုပ်ငန်းများ၊

(၄) 50 HP အောက် စက်၊ ယာဉ်နှင့် ယန္တရား တည်ဆောက်ခြင်း လုပ်ငန်းများ၊

(၅) အလေးချိန် တန် ၅၀ အောက် အလတ်စား စက်တပ်ရေယာဉ် တည်ဆောက်ခြင်း လုပ်ငန်းများ၊

(၆) ၆ တန် အောက် ဘွိုင်လာ တပ်ဆင်ပြုပြင်ခြင်း လုပ်ငန်းများ ။

(ဂ) **လျှပ်စစ်စွမ်းအား အင်ဂျင်နီယာလုပ်ငန်းများ**

(၁) 400 KW နှင့် အောက် အလတ်စား မော်တာနှင့် ဂျင်နရေတာ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများ၊

(၂) အမြင့် (၂၈)မီတာထက် မမြင့်သော အဆောက်အအုံများ လျှပ်စစ် တပ်ဆင်ရေး လုပ်ငန်းများ၊

(၃) 500 KVAနှင့် အောက် ထရန်စဖော်မာ ပြုပြင်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် လုပ်ငန်းခွင်တွင် တပ်ဆင်ခြင်း လုပ်ငန်းများ၊

(၄) 11 KV နှင့် အောက် လျှပ်စစ်ဓါတ်အားလိုင်း တပ်ဆင်ရေး လုပ်ငန်းများ၊

(၅) 500 KVA နှင့် အောက် လျှပ်စစ်ဓါတ်အားခွဲရုံ တပ်ဆင်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ။

# အခန်း(၁၂)

# အထွေထွေ

၁၀၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ကောင်စီနှင့် လုပ်ငန်းသဘာဝဆက်စပ်သော နိုင်ငံခြားအင်ဂျင်နီယာ အဖွဲ့အစည်းများက ဖိတ်ကြား၍ အစည်းအဝေးများ ၊ နှီးနှောဖလှယ်ပွဲများ ၊ အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ရန် နိုင်ငံခြားသို့ သွားရောက်ရန်ကိစ္စ ပေါ်ပေါက်လျှင် ထိုသို့ သွားရောက်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် ပြည်သူ့ဝန်ထမ်းအဆင့် နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ခွင့်ရရှိရမည် ။

၁၀၆။ ကောင်စီကဖွဲ့စည်းသော အင်ဂျင်နီယာအထူးပြုဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်သော ပြင်ပမှ ဝါရင့်အင်ဂျင်နီယာများသည် -

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ခံစားခွင့်များ ရရှိနိုင်သည်၊

(ခ) တာဝန်အရ ခရီးသွားလာရပါက အမှန်တကယ်ကုန်ကျထားသည့် ခရီးစရိတ်နှင့် အခါအားလျော်စွာ သတ်မှတ်ထားသည့် နေ့တွက်စရိတ် ခံစားခွင့်ရှိသည်၊

(ဂ) ကောင်စီနှင့်သက်ဆိုင်သော အစည်းအဝေးများ တက်ရောက်ရပါက အခါအားလျော်စွာ သတ်မှတ်ထားသည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည် ။

## အထိမ်းအမှတ်တံဆိပ်

၁၀၇။ ကောင်စီသည် ကောင်စီ၏ အထိမ်းအမှတ်တံဆိပ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သုံးစွဲနိုင်သည် ။

## ရုံးတံဆိပ်

၁၀၈။ ကောင်စီသည်

(က) မိမိမူပိုင် ရုံးတံဆိပ် သုံးစွဲခွင့်ရှိသည်၊

(ခ) ရုံးတံဆိပ်ကို ကောင်စီ၏ တရားဝင်စာများမှအပ အခြားတွင် သုံးစွဲခြင်း မရှိစေရန် ထိန်းသိမ်းရမည်၊

(ဂ) ရုံးတံဆိပ်ကို မှတ်ပုံတင်အရာရှိချုပ်က လုံခြုံစွာ ထိန်းသိမ်းထားရန် ညွှန်ကြားရမည်။

၁၀၉။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အောက်ပါလိုလားချက်များ ကူညီထောက်ပံ့ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြတောင်းခံနိုင်သည် -

(က) ကောင်စီအတွက် သင့်တင့်လျောက်ပတ်သော ရုံးခန်းနှင့် နေရာထိုင်ခင်း၊

(ခ) ရုံးသုံးပရိဘောဂ အသုံးအဆောင်များ နှင့် စာရေးကိရိယာများ၊

(ဂ) ရုံးလုပ်ငန်းအကူ ဝန်ထမ်းများ၊

(ဃ) သယ်ယူပို့ဆောင်ရေးကိစ္စများ။

နောက်ဆက်တွဲ (က)

# မှတ်ပုံတင်လက်မှတ်အမျိုးအစားအလိုက်
# ပဏာမစိစစ်ကြေး၊ မှတ်ပုံတင်ကြေး၊ နှစ်စဥ်ကြေးနှင့် ရက်လွန်ကြေး အခြေပြဇယား

| စဥ် | မှတ်ပုံတင်လက်မှတ် အမျိုးအစား | ပဏာမစိစစ်ကြေး (ကျပ်) | မှတ်ပုံတင်ကြေး (ကျပ်) | နှစ်စဥ်ကြေး (ကျပ်) | ရက်လွန်ကြေး (ကျပ်) (၁)နှစ် တစ်ကြိမ် |
|---|---|---|---|---|---|
| ၁ | အလုပ်သင်နည်းပညာကျွမ်းကျင်သူလက်မှတ် (Apprentice Technician Certificate) | ၂,၅၀၀ | ၅,၀၀၀ | ၆,၀၀၀ | ၆,၀၀၀ |
| ၂ | အလုပ်သင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် (Apprentice Graduate Technician Certificate) | ၂,၅၀၀ | ၅,၀၀၀ | ၈,၀၀၀ | ၈,၀၀၀ |
| ၃ | မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ် (Registered Technician Certificate) | ၃,၅၀၀ | ၇,၀၀၀ | ၉,၀၀၀ | ၉,၀၀၀ |
| ၄ | မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် (Registered Graduate Technician Certificate) | ၄,၀၀၀ | ၈,၀၀၀ | ၁၀,၀၀၀ | ၁၀,၀၀၀ |
| ၅ | အလုပ်သင်အင်ဂျင်နီယာလက်မှတ် (Apprentice Engineer Certificate) | ၅,၀၀၀ | ၁၀,၀၀၀ | ၂၀,၀၀၀ | ၂၀,၀၀၀ |
| ၆ | မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ် (Registered Engineer Certificate ) | ၁၀,၀၀၀ | ၂၀,၀၀၀ | ၅၀,၀၀၀ | ၅၀,၀၀၀ |

| | | | | | |
|---|---|---|---|---|---|
| ၇ | မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာလက်မှတ် (Registered Senior Engineer Certificate) | ၁၅,၀၀၀ | ၃၀,၀၀၀ | ၈၀,၀၀၀ | ၈၀,၀၀၀ |
| ၈ | မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်လက်မှတ် (Registered Professional Engineer Certificate) | ၂၅,၀၀၀ | ၅၀,၀၀၀ | ၁၀၀,၀၀၀ | ၁၀၀,၀၀၀ |
| ၉ | မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာလက်မှတ် (Registered Limited Engineer Certificate) | USD 50 | USD 100 | USD 300 | USD 300 |
| ၁၀ | မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင် လက်မှတ် (Registered Limited Professional Engineer Certificate) | USD 75 | USD 150 | USD 500 | USD 500 |

နောက်ဆက်တွဲ ( ၁ )

# MYANMAR ENGINEERING COUNCIL
## PATHWAY TO PROFESSIONAL ENGINEER




### ABBREVIATION

- ATechC = Apprentice Technician Certificate
- R.Tech = Registered Technician
- AGTechC = Apprentice Graduate Technician Certificate
- RGTech = Registered Graduate Technician
- A.E.C = Apprentice Engineer Certificate
- R.E. = Registered Engineer
- R.S.E. = Registered Senior Engineer
- P.E. = Professional Engineer
- I = Interview
- ELevel = Engineer Level Assessment
- GTechLevel = Graduate Technician Level Assessment
- TechLevel = Technician Level Assessment
- TechDP = Technician Development Program
- TechAWE= Technician Assessment Written Examination
- TechECR = Technician Experiences and Competency Report
- TechLI = Technician Level Interview
- GTechDP = Graduate Technician Development Program
- GTechAWE= Graduate Technician Assessment Written Examination
- GTechECR = Graduate Technician Experiences and Competency Report
- GTechLI = Graduate Technician Level Interview
- EDP = Engineer Development Program
- EAWE = Engineer Assessment Written Examination
- EECR = Engineer Experiences and Competency Report
- ELI = Engineer Level Interview
- PDP = Professional Development Program
- PAWE = Professional Assessment Written Examination
- PECR = Professional Experiences and Competency Report
- PI = Professional Interview

**Note:** * *indicates all equivalent Diplomas and Degrees from recognized institutions.*

** *ECR's without AWE's are allowed only up to 31 December 2015. On expiry of that exemption, candidates must start from the steps of RTech, RGTech, and RE, taking AWE's.*